# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၂)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၁၄-၇-၂၀၂၄၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မအူပင် ဇူလိုင် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

### ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာရှိ တောင်သူဒေါ်နီနီမိုး၏ လယ်မြေငါးကေ၌ ကျင်းပသည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကြခင်းစနစ်ပပျောက်ရေးအတွက် စနစ်တကျပျိုးထောင်ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ရန်ကုန်-ပုသိမ် ကားလမ်းဘေးရှိ Top Dairy Farm နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကာ နွားမွေးမြူရေးလုပ်ငန်းနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ထနီထောင့်ကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) ရေကင်းစခန်း အမှတ်(၁၆)သို့ ရောက်ရှိပြီး တာတမံများအခြေအနေနှင့် ရေဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေဘေးကာကွယ်ရေးတာတမံများ၏ အရေးပေါ်အခြေအနေ ကြုံတင်စီမံခန့်ခွဲမှု အစီအစဉ်အရ လွှင့်ထူရမည့် သတိပေးအချက်ပြအလံများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံပေးအပ်၍ မီးသတ်ဦးစီးဌာနမှ မိုးရာသီရေဘေးရှာဖွေကယ်ဆယ်သရုပ်ပြမှုနှင့် ဓာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရေဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ငါးကြီးဂရက်ကျေးရွာရှိ တောင်သူဦးလှအောင်၏ လယ်မြေ ၁၆ ဧက၌ ဆင်းသုခစပါးမျိုးကို မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ တောင်သူများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်နေသော တောင်သူများကို သွင်းအားစုနှင့် မျိုးစေ့များပေးအပ်သည်။

ထို့နောက် ညောင်တုန်းမြို့ တဇင်ရေကျော်အုပ်စု အသင်းစုကျေးရွာရှိ အာရှသား ငါးမွေးမြူရေးကန်သို့ရောက်ရှိရာ တာဝန်ရှိသူများက ငါးမွေးမြူရေးလုပ်ငန်းနှင့် ထုတ်လုပ်ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဆားမလောက်ကျေးရွာရှိ ပညာရောင်ခြည်စာကြည့်တိုက်သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းသည့် စာအုပ်စာစောင်ပေးအပ်ပွဲသို့ တက်ရောက်ကာ ပညာရောင်ခြည်စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၃

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

အနော်ရထာမင်းမြတ်၏ ပဟိုပန္နက်စိုက်ထူရာ စေတီငါးဆူ (ဆောင်းပါး)

စာမျက်နှာ ၆

ရေရှည်အသုံးခံနိုင်မည့် ဘက်ထရီအမျိုးအစားသစ် တောင်ကိုရီးယားပညာရှင်များ အဆင့်မြှင့်တီထွင်

စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်း ရှိသောကြောင့် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိသည်။

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများသည် စီးပွားရေးဦးတည်ချက်တွင်ပါဝင်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးဆိုသည့်အချက်ကို များစွာအထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာအသုံးပြုမှုနှင့် ဆန်းသစ်တီထွင်ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ MSME အများစုသည် နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတနည်းပါးခြင်း၊ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ အကျိုးကျေးဇူးများရယူရန် ဗဟုသုတနည်းပါးခြင်း၊ ခေတ်မီထုတ်လုပ်မှုစနစ်များကို အသုံးပြုနိုင်ရန်အတွက် MSME များ၏ အရည်အသွေးမြှင့်တင်ရန်လိုအပ်ခြင်း၊ လိုအပ်သောနည်းပညာနှင့် စက်ပစ္စည်းများ ဝယ်ယူအဆင့်မြှင့်တင်ရန်အတွက် ရင်းနှီးငွေလုံလောက်မှု မရှိခြင်းများကြောင့် မြန်မာ့ MSME များ၏ ထုတ်ကုန်များသည် အခြားသော ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများက ထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးပြီး ဈေးကွက်ထိုးဖောက်နိုင်မှု မရှိကြောင်းကို တွေ့ရပါကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်း ပေါ်များစွာထွက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းတာဝန်ပေးအပ်ပွဲအခမ်းအနား၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုစီမံကိန်းကို ယခင်နှစ်ကလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲ၊ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံပြီး လိုအပ်ချက်များမရှိအောင် ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလုပ်ငန်းကို အဓိက တာဝန်ယူဆောင်ရွက်ကြမယ့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စီမံကိန်းလုပ်ငန်းတာဝန်ခံများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ကြမည့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင်ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့လုပ်ငန်းထူထောင်ပေးလိုက်သော လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ပြီး တိုးတက်အောင်မြင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ကူညီပေးရန်နှင့် လုပ်ငန်းထူထောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော ဈေးကွက်ရရှိရေး၊ လုပ်ငန်းများထပ်မံတိုးချဲ့နိုင်ရေးတို့အတွက် MSME ချေးငွေနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတို့မှ ချေးငွေရရှိရေးကိုလည်း ပေါင်းစပ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဒေသတွင်းမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်မည်ဆိုပါက သယ်ယူပို့ဆောင်စရိတ်သက်သာခြင်း၊ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အသုံးပြုနိုင်မည်ဖြစ်ပြီး နိုင်ငံခြားမှတင်သွင်းမှု လျှော့ချနိုင်မှာဖြစ်သောကြောင့် ပြည်တွင်းကုန်ဈေးနှုန်းလည်း ကျဆင်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာအတွက် ထောက်ပံ့ငွေများ ပေးအပ်



**အမရပူရ ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် မြစ်ရေဝင်ရောက်မှုကြောင့် ကျေးရွာအုပ်ခုနစ်စုရှိ ပြည်သူများ ရေဘေးသင့်ခဲ့ရာ အဆိုပါရေဘေးသင့်ပြည်သူများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ စားနပ်ရိက္ခာအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ မြတ်စေတနာခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အမရပူခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာအုပ်စု ၇ အုပ်စုမှ ရေဘေးသင့်ပြည်သူများအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သက်အေးတို့က ထောက်ပံ့ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြောင်း သိရသည်။ ထောက်ပံ့မှုအတွက် ရေဘေးသင့် ပြည်သူများကိုယ်စား ရွှေကြက်ယက်အုပ်ချုပ်ရေးမှူး ဦးငွေလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယနေ့ ထောက်ပံ့မှုတွင် ကျေးရွာအုပ်စု ၇ စုမှ ရေဘေးသင့်ပြည်သူ ၂၂၆၂ ဦးအတွက် တစ်ဦးလျှင် ၂၁၀၀ ကျပ်နှုန်းဖြင့် ၄၇၅၁၂၀၀(လေးဆယ့်ခုနစ်သိန်း ငါးသောင်းနှစ်ရာတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စိုးသီဟ(အမရ)

## မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း၏ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ် ၆၂လမ်းနှင့် ၃၈လမ်းထောင့်ရှိ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းနာယက ပါမောက္ခ ဒေါက်တာ ဦးမိတ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသင်း၏ အခြေအနေနှင့် လုပ်ဆောင်ချက်များကို တင်ပြပြီး ဗဟိုမှ ထုတ်ပြန်သည့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားလွှာနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (၁၁)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း ဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင်မြင်သူစာရင်းပေးပို့ရန် ညွှန်ကြားစာကို ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ လစ်လပ်သည့်နေရာများတွင် ဖြည့်စွက်အစားထိုးရွေးချယ်ကြသည်။ ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၀)






## ပန်းခင်း (၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

**ပုသိမ်ကြီး ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက် ၉နာရီက ပုသိမ်ကြီး မြို့မရပ်ကွက် ရင်ငြိမ်းအေးမဏ္ဍပ်၌ ကျင်းပပြုလုပ်သည်။ ထိုသို့ ကျင်းပဆောင်ရွက်ရာတွင် ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းထွန်း၊ ဒုတိယဦးစီးမှူး ဦးညီညီအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းနှင့် ရပ်ကွက်တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးကြရာ ပန်းခင်း (၃)စီမံချက် ဆောင်ရွက်ရာတွင် အသက် ၁၀နှစ်အထက် အိမ်ထောင်စုဝင်များကို နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးရာ အိမ်ထောင်စုဝင် ၂၀၀ ကျော်အား မွန်းလွဲ ၁နာရီအထိ ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၁)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews paper @ gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပမည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန် မော်စကိုမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ လေဆိပ်ဧည့်ခန်းမ၌ National University Of Science and Technology (MISiS) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သံမဏိထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ လွှဲပြောင်းလက်ခံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ကျင်းပမည့် ယီကာကျီရင်ဘတ်မြို့သို့ ရောက်ရှိရာ ဆဗျဲလော့ဗ်ပြည်နယ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ်လူဒ်မီလာဗော့ဂ်ျ (Mrs. Lyudmila Borg)က ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် ကုန်စည်ပြပွဲ "အင်နိုပရွန်-၂၀၂၄" (ပြပွဲပထမရက်)သို့ တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဒေသအသီးသီးမှ ခင်းကျင်းပြသထားသည့် သံနှင့်သံမဏိတူးဖော်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ သံနှင့်သံမဏိထွက်ကုန်များ၊ လေထုသန့်စင်ရေးပစ္စည်းများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါရှာဖွေရေး စမ်းသပ်ပစ္စည်းများအပြင် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆေးဝါးကုမ္ပဏီများမှ လာရောက်ခင်းကျင်းပြသထားသည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာကိရိယာပစ္စည်းများကို လိုက်လံလေ့လာကြည့်ရှုကြသည်။ ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စုမှ ဆေးဝါးကုမ္ပဏီများနှင့် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆဗျဲလော့ဗ်ပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်သွန် အလီဟာနော့ဗ် (Mr. Anton Alikhanov)နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲအား လေ့လာကြည့်ရှုစဉ်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲနှင့်အတူ ကျင်းပသည့် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ကွန်ဖရင့်သို့ တက်ရောက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကာဂျစ်သမ္မတနိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး၊ ကာဇက်စတန်သမ္မတနိုင်ငံ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ စက်မှုနှင့် နည်းပညာသစ်များဆိုင်ရာဝန်ကြီး၊ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ဘီလာရုစ် သမ္မတနိုင်ငံ စက်မှုဝန်ကြီးတို့နှင့်အတူ မြန်မာနိုင်ငံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံများအကြား အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် "အင်နိုပရွန်-၂၀၂၄" ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် အဆိုပါပြပွဲအဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်သွန် အလီဟာနော့ဗ် (Mr. Anton Alikhanov) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား အပြီးသတ်တည်ဆောက်လည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းများကိုလည်း ရုရှားနိုင်ငံမှ တင်သွင်းလိုကြောင်း၊ စားသုံးဆီ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းများတွင်လည်း နှစ်ဖက်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဆဗျဲလော့ဗ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ၍ အဆင့်မြင့်ပညာရေးနယ်ပယ်၊ ဆေးဝါးထုတ်လုပ်ရေးနယ်ပယ်၊ တစ်ဦးချင်း အရည်အသွေးမြှင့် သင်တန်းများ၊ စက်မှုနှင့်ကုန်ထုတ်လုပ်ရေးနယ်ပယ်နှင့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်၊ အထည်ချုပ်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆေးဝါးများ ပူးပေါင်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ကျင်းပသည့် ယီကာကျင်ရင်ဘတ်မြို့မှ ပြန်လည်ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မော်စကိုမြို့သို့ ရောက်ရှိကြကာ လေဆိပ်ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် JSC "VO Tyazhpromexport" (TPE)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး ရန်ကုန်မြို့သို့ ဇူလိုင် ၁၂ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိရာ စက်မှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယကုန်သွယ်ရေး ကိုယ်စားလှယ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့်အတူလိုက်ပါခဲ့သည့် အဖွဲ့ဝင်နှစ်ဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ရေဘေးနှင့် မြေပြိုဘေး အန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီက လိုက်လံဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လိုက်လံဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ပြည်သူများမှ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်တို့ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်၊ သတိပြုရှောင်ရှားသင့်သည့်အပြုအမူများကိုသိရှိစေရန် အသိပညာပေးချက်များအား လှည့်လည်အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ရပ်ကွက်နေပြည်သူများ သိရှိစေရန် လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြော

**စစ်ကိုင်း ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီခွဲက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်းမြို့)မှ ဒုတိယရဲမှူး ကျော်စိုးလွင်က ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးစနစ်တကျ တပ်ဆင်ရန် စသည့်များကို အသိပညာပေးဟောပြောကာသိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၅၇)**

# နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း(Black Lists )တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ်မူတည်၍ အမည်မည်းစာရင်း(Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅ - ၇ - ၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့ လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ဟောင်လိတ်)၌ ကျင်းပသည့် ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





တာချီလိတ် ဇူလိုင် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ဟောင်လိတ်)၌ ကျင်းပသည့် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပြောကြား

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်းဆိုသည်မှာ မိမိတို့ ရပ်ရွာတွင် ရာသီကာလအလိုက် ဖြစ်ပွားတတ်သော သဘာဝဘေးများနှင့်စပ်လျဉ်းပြီး အမြဲအသင့်ရှိနေစေရေး၊ ဘေးလွတ်ရာသို့ အမြန်ဆုံးရှောင်တိမ်းနိုင်ရေးတို့အတွက် အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ သဘာဝဘေးအန္တရာယ် မကျရောက်မီ အဆင့်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်ဘဲ အချိန်မရွေးဖြစ်ပွားတတ်ပြီး ထိခိုက်ဆုံးရှုံးမှုလည်း ကြီးမားလေ့ရှိသဖြင့် မလိုလားအပ်သော ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်ရန်နှင့် ထိရောက်စွာတုံ့ပြန်တတ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ငလျင်ဘေး ဇာတ်တိုက် လေ့ကျင့်ခြင်းဖြင့် အခြားသော ရေဘေး၊ လေဘေး အန္တရာယ်များ အတွက်လည်း အမြဲအသင့် ဖြစ်နေမည်ဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုမှ ရရှိလာသည့် အတွေ့အကြုံများကို မိမိတို့၏ မိသားစု၊ ပတ်ဝန်းကျင်တွင် ပြန်လည်လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ ဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းစဉ်အလိုက် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုမှတ်တမ်းများပေးအပ်

ယင်းနောက် တာဝန်ရှိသူများက တာချီလိတ်မြို့ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာချီလိတ်ခရိုင် ကုန်သည်ကြီးများအသင်းနှင့် ရွှေလုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းသော ငွေကျပ်သိန်း ၅၀၀ ကို လက်ခံရယူပြီး အလှူရှင်များနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းအတွက် ပံ့ပိုးဆောင်ရွက်ခဲ့သော စေတနာရှင်၊ အလှူရှင်များကို အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ သဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်ခန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လူဦးရေ ၁၉၂၂၀ ဖြင့် အကြိမ် ၆၀၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လကုန်ထိ လူဦးရေ ၅၂၁၁ ဦးဖြင့် ၁၄ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန တာချီလိတ် မူလတန်းကြိုကျောင်း၊ တာလော့ ကိုယ်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် ဟောင်လိတ်ရပ်ကွက်ရှိ TMK ပုဂ္ဂလိကမူလတန်းကြိုကျောင်းတို့သို့ သွားရောက်ကာ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် နည်းစနစ်မှန်ကန်စွာ ပြုစုစောင့်ရှောက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ အနေဖြင့် ယခုကဲ့သို့ စနစ်တကျဖွင့်လှစ်ဆောင်ရွက်နေမှုကို ကြိုဆိုကြောင်း၊ ကလေးငယ်များကို ငယ်စဉ်ကပင် အလေ့အထကောင်းများ စွဲမြဲစေရေး လေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံအတွက် အားထားရသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း မှာကြား၍ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး



မန္တလေး ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မင်္ဂလာကျောင်းတိုက်ရှိ ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော်သံဃာတော်(၆၈)ပါးနှင့် ဒေသခံပြည်သူ(၇၂)ဦး စုစုပေါင်း(၁၄၀)ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(ဝ၃၈)

# မိုးရွာသွန်းပြီး ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း စဉ့်ကိုင်မြို့နယ် မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၁၃

ဒုဋ္ဌဝတီမြစ်ရေကြီးနေကြောင်း သိရသဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ယမန်နေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း စဉ့်ကိုင်မြို့နယ် မြစ်ငယ်နှင့်ပလိပ်ဘူတာအကြား သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် ၃၇၅/၁၀-၁၂ တွင် အလျား ၁၀ ပေနှင့် အနံ ၈ ပေခန့် ရထားလမ်းတာပေါင် ထူးပေါက်ကာ ရေဝင်ရောက်စီးဆင်းနေကြောင်း စစ်ဆေးတွေ့ရှိရပြီး ၄င်းနေရာ၌ ရထားများ ဖြတ်သန်းခုတ်မောင်းရန် အန္တရာယ်ရှိသဖြင့် အဆိုပါ အစုန်/အဆန် ရထားလမ်းပိုင်းများအား ခေတ္တပိတ်ထားခဲ့ရသည်။

ရထားလမ်းထူးပေါက်ရေကျော်မှု ဖြစ်ပွားရာနေရာသို့ လမ်းပိုင်းအချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား တာဝန်ရှိဝန်ထမ်းများနှင့် လုပ်သား ၄၀ တို့သည် အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့ပြီး ကျောက်ရထားနှင့် သံလမ်းပြေး RCG ယာဉ်များ အသုံးပြု၍ ကျောက်ကြီး ၃၅ ကျင်း၊ ကျောက်မှုန့်အိတ် ၃၀၀ နှင့် သဲအိတ် ၁၀၀ တို့အား ဖြစ်ပွားရာနေရာသို့ ပို့ဆောင်ပေးခြင်း၊ အဆိုပါကျောက်ကြီးများ၊ ကျောက်မှုန့်နှင့်သဲအိတ်များ အသုံးပြု၍ ထူးပေါက်များ ဖာခြင်း၊ သစ်သား ဇလီဖားတုံးနှင့် ကွန်ကရစ်ဇလီဖားတုံးများ အသုံးပြု၍ ထူးပေါက်နေရာ၌ ဖားထပ်ခွေခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ အဆန်လမ်းအား ယင်းနေ့ ည ၁၀ နာရီ ၂ မိနစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ရန်ကုန်-မန္တလေး ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသော လူစီးရထားများ ကြန့်ကြာမှုမရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အစုန်လမ်းကိုလည်း ထပ်မံပြုပြင်ခဲ့ရာ ယနေ့ညနေ ၄ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားများ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မန္တလေး ဇူလိုင် ၁၃**

ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်(၇)နာရီက မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၆လမ်း၊ ၂၂ လမ်းနှင့် ၂၃လမ်းကြားရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဦးစီးမှူးများ၊ ပညာရေးဌာနမိသားစုများ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ဝန်ထမ်းများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာ အောင်ဆွေ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများမှ လာရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဌေးကြွယ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမများက ပိုင်းဝန်းပံ့ပိုးကူညီပေးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

၀-၀-၀-၀



## အောင်လံမြို့၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**အောင်လံ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ် ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ်စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီက အောင်လံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ၊ ကျောင်းဆရာ၊ ဆရာမများက အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်းပတ်ဝန်းကျင်ရှိ သစ်ရွက်ခြောက်များ၊ ပေါင်းမြက်၊ ခြုံနွယ်များအား ခုတ်ထွင်ရှင်းလင်းပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မျိုးသိန်း(မြန်/ဆက်)

## သောက်သုံးရေ လိုအပ်နေသော စာသင်ကျောင်းအတွက် ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု၊ ညောင်ပင်ကန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် သောက်သုံးရေ လိုအပ်လျက်ရှိကြောင်း သိရ၍ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင် ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ အား သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ ပြည်သူ့အကျိုးပြု သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းတာဝန်ခံလက်ထောက် မီးသတ်ဦးစီးမှူး ဦးဝင်းမိုးကျော်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင် ရေသယ်ယာဉ်ဖြင့် ညောင်ပင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၂ဦးအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ရေဂါလန် ၁၆၀၀အား စာသင်ကျောင်းဝင်းရှိ ရေလှောင်အုတ်ရေကန်အတွင်း စနစ်တကျ ဖြည့်တင်းလှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

(ကဆ)

၀-၀-၀-၀

၀-၀-၀-၀-၀

**ပန်းမန်သစ်ပင်**
**လေသန့်စင်၍**
**ဥယျာဉ်**
**တောတန်း**
**စိတ်ရွှင်လန်း၏။**

## အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် ယနေ့နံနက် (၇)နာရီက ကျောက်ဆည်ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးနှင့် ခြင်နှင့်ယင်များကြောင့်ဖြစ်ပွားနိုင်သည့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေး၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ကျောက်ဆည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးအောင်ထားရွှေနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်း၊ အစိုးရ နည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းတို့က လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း အင်အား(၂၅၀)ကျော်ဖြင့် ကျောင်းဝင်းအတွင်းရှိ နွယ်မြက်သစ်ပင်များ၊ ခြုံနွယ်များ၊ သစ်ကိုင်းအခြောက်များ၊ ပလတ်စတစ်အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ထွက်ရှိလာသောအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင် အမှိုက်သိမ်းယာဉ်(၂)စီးဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)(၄၈၅)

## မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်း အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ



**မင်းဘူး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်လေးများ အသိပညာဗဟုသုတ တိုးပွားစေ၍ ဗလငါးတန် ပြည့်စုံပြီး ဘက်စုံထူးချွန်သော အနာဂတ် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နန်းတော်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နန်းတော်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးချစ်လှက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ကျင်းပခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက ဆောင်ရွက်၍ စတင်ဆွေးနွေးသည့်အခါ Grade-11 မှ မနေရည်ဝေက လူငယ်နှင့် ကျန်းမာရေး၊ Grade-10 မှ မောင်ရဲရင့်ကိုကိုက လူငယ်နှင့် ပညာရေး၊ Grade-11 မှ ဆုလဲ့ထွန်းက လူငယ်နှင့် ယဉ်ကျေးမှု၊ Grade-10 မှ မောင်ဟိန်းထက်ပိုင်က လူငယ်နှင့် နည်းပညာ၊ Grade-11 မှ မောင်ထက်ဝေယံဦးက လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်း ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

၀-၀-၀-၀

# အနော်ရထာမင်းမြတ်၏ ဗဟိုပန္နက်စိုက်ထူရာ စေတီငါးဆူ

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်သူ အနော်ရထာမင်းမြတ်၏ မင်းလေးပါးစုံညီ ပန္နက်တင်၍ တည်ထားခဲ့သော ဖောင်တော်ဦးစေတီတော်များအကြောင်းကို မန္တလေးနေ့စဉ်သတင်းစာတွင် စာရေးသူ ဖော်ပြခဲ့ပြီးဖြစ်သည်။

မူလစေတီတော်များ၏နေရာတွင် လှူသူတော်စင် ဘုရားဒါယကာ ဦးဆန်းဝင်းက ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူကြသော ဘုရားငါးဆူကို ရည်စူးလျက် စေတီတော်ငါးဆူ ရွှေထီးတော်တင်လှူပွဲကို ၁၃၈၅ ခုနှစ် နယုန်လပြည့်နေ့တွင် ရွှေထီးတော် စိန်ဖူးတော်တင်လှူပွဲသို့ ကြွရောက်ပါရန် ဘုရားဒါယကာ ဦးဆန်းဝင်းက ကြိုတင်၍ ဖိတ်ကြားသည်။

ဘုရားဒါယကာ ဦးဆန်းဝင်း၏ ဖိတ်ကြားချက်အရ စာရေးသူနှင့်အတူ သားကြီး အောင်ကျော်ထွန်း၊ အင်ဂျင်နီယာ ကိုအောင်ကျော်မိုး တို့သုံးဦး မော်တော်ယာဉ်ဖြင့် နံနက်စောစော ထွက်လာကြသည်။ နံနက် ၇ နာရီမထိုးမီ ဖောင်တော်ဦးဘုရားငါးဆူ ရွှေထီးတော်တင်လှူပွဲကျင်းပမည့်နေရာသို့ ရောက်ခဲ့သည်။ စေတီတော်ငါးဆူကို ငြမ်းများထိုးထားသည်ကို မြင်ရသည်။ စေတီတော်ရင်ပြင်တွင် ဆင်ရတနာ ခုနစ်စီးက ဘုရားကို ဦးတိုက်လျက် စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်ငါးဆူနှင့် ရွှေထီးတော်များကို ကကြိုးဆင်ထားသော ဆင်ရတနာများပေါ်တွင် တင်ထားကြသည်။ စေတီတော်ငါးဆူအနက် စေတီတော် လေးဆူကို ရွှေထီးတော်များ ကြိုတင်တင်လှူထားပြီးဖြစ်သည်။ နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်စေတီတော်အား ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပန်းရထားဖြင့် အဆင့်ဆင့်တင်လှူပူဇော်ကြသည်။

ပွင့်တော်မူပြီးသော ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမဘုရားလေးဆူစေတီတော်လေးဆူက ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူထားပြီးဖြစ်သည်။ကျန်ရှိနေသော အရိမေတ္တေယျ ဘုရားစေတီတော်(အောင်ရှစ်ဖြာ)ကို ပန်းရထားဖြင့် အဆင့်ဆင့်ပူဇော်တင်လှူကြရာ ဧည့်ပရိသတ်အပေါင်းတို့က ပန်းရထားကြိုးကို ဆွဲယူတင်လှူကြသည်။ အခမ်းအနားမှူး၏ အောင်မြင်ခဲ့ညားသော အသံဖြင့် ဘုရားဂုဏ်တော်များကို ရွတ်ဆိုပူဇော်လျက်ရှိပါလေ၏။ ဘုံအဆင့်ဆင့်တင်လှူပြီးသောအချိန်၌ စေတီတော်ငါးဆူလုံးကို တစ်ပြိုင်နက် စိန်ဖူးတော်ပူဇော်ကြသည်။ ပရိသတ်ကလည်း စေတီတော်ငါးဆူရင်ပြင်တွင် ပြည့်လျက် ပူဇော်ကြပါလေ၏။

စိန်ဖူးတော်တင်လှူပြီးသောအခါ ဘုရားဒါယကာကြီး ဦးဆန်းဝင်းနှင့် ဘုရားဒါယကာအပေါင်းတို့က စေတီတော်ထက်မှ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြပါလေ၏။ စိန်ဖူးတော်တင်လှူပြီးသောအခါ သံဃာတော်အရှင်မြတ် ၅၇ ပါးတို့က စေတီတော်ငါးဆူကို ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာဆင်ယင်ပေးတော်မူကြသည်။

ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာဆင်ယင်ပြီးသောအခါ၌ ပူဇော်ပွဲဗဟိုမဏ္ဍပ်အတွင်း၌ ရေစက်ချမင်္ဂလာဆင်ယင်ကျင်းပကြပါလေ၏။ ရေစက်ချတရားပွဲမစတင်မီ အခမ်းအနားမှူးအဖြစ် သား ခင်လှိုင် စီစဉ်သော ရန်ကုန်မြို့မှ တေးဂီတအဖွဲ့များက ဓမ္မတေးများဖြင့် ပူဇော်ဧည့်ခံကြပါ



လေ၏။ ပရိသတ်များ ရွှင်မြူးတက်ကြွစေပါ၏။

ကျေးလက်ဒေသ ပြည်သူများက အံ့မခန်း ရွှေထီးတော် စိန်ဖူးတော်တင်လှူပွဲကြီး၏ ထူးခြားလှသော ဆင်တော်မင်္ဂလာများ၊ ရန်ကုန်မြို့မှ နိုင်ငံကျော်ဂီတပညာရှင်များ၏ ဧည့်ခံတေးဂီတကို လာရောက်နားဆင်ကြပြီး ပျော်ရွှင်မှုအသီးသီးကို တွေ့မြင်ရသည်။ ဗဟိုမဏ္ဍပ်ကြီးအတွင်း၌ ဘုရား



ဒါယကာ ဦးဆန်းဝင်းနှင့်ဒါနရှင်များက နေရာယူထားကြသည်။

ရေစက်ချပွဲတွင် မြစ်သားမြို့ အာရှစတားမင်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာ ဝေပုလ္လရိက ဆရာတော်ကြီးက သရဏဂုံနှင့် ငါးပါးသီလကို ချီးမြှင့်ပြီး အနုမောဒနာတရားကို ချီးမြှင့်ဟောကြားသည်။ ဆရာတော်၏ တရားတော်ထဲတွင် "ဘုရားဒါယကာ ဦးဆန်းဝင်းရဲ့ အသက် ၅၆ နှစ်ပြည့် အထိမ်းအမှတ်နဲ့ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူမယ့် ဘုရားငါးဆူ ရွှေထီးတော်တင်လှူပွဲကို ကျင်းပသော ဘုန်းကြီးတို့ ဘုရားသာသနာတော် အဓွန့်ရှည်ရေးအတွက် သာသနာပြုပွဲဖြစ်လို့ ဘုန်းကြီးတို့ အလွန်ဝမ်းမြောက်ရပါတယ်။"

"တိုက်ဆိုင်မှုလို့ ဆိုရမလားပဲ။ ဘုန်းကြီးရဲ့ သက်တော်ကလည်း ၈၆ နှစ်ပြည့်တဲ့နှစ်ဖြစ်ပါတယ်။ ဘုန်းကြီးသက်တော် ၈၆နှစ်ပြည့်တဲ့နှစ်မှာ မြတ်ဗုဒ္ဓရဲ့ ပရိယတ္တိစာပေ ကျမ်းပေါင်း ၁၀၀ ပြုစုပြီးတဲ့နှစ်ဖြစ်တာကြောင့် ဘုန်းကြီးကလည်း မြတ်ဗုဒ္ဓသာသနာတော်အတွက် ကျမ်းပေါင်း ၁၀၀ ပြည့်အောင် သာသနာပြုခွင့်ရပါတယ်။ ထူးခြားတဲ့နှစ်ပေါ့။ ဘုရားဒါယကာကြီး ဦးဆန်းဝင်းကလည်း ဘုရားရှင်ရဲ့ သာသနာတော်ကြီး အရှည်ခန့်၍ တည်တံ့အောင် အနော်ရထာမင်းမြတ်တည်ထားတဲ့ ဖောင်တော်ဦးစေတီတော်ဟောင်းများနေရာကို အလွန်မတန်ဖြစ်နိုင်ခဲ့တဲ့ စေတီတော်ငါးဆူကို အသစ်တစ်ဖန် ခမ်းခမ်းနားနား တည်ထားတော့ ဘုန်းကြီးတို့က အလွန်ပဲ ဝမ်းမြောက်ပီတိ ဖြစ်ရပါတယ်။ ဘုရားရှင်သာသနာတော်ကို ဆရာနဲ့ဒကာ အခုလိုလက်တွဲဆောင်ရွက်ပါမှ သာသနာတော်မြတ်ကြီးအရှည်ခန့်၍ တည်တံ့ပါလိမ့်မယ်" ဟု ဆရာတော်ကြီးက အနော်ရထာမင်းမြတ်၏ စေတီတော်ကြီးငါးဆူဖြစ်ပေါ်လာအောင် ဆောင်ရွက်သော လှူသူတော်စင် ဦးဆန်းဝင်းနှင့် ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့က လှူနတ်၊ ဗြဟ္မာသတ္တဝါအပေါင်း သာဓုခေါ်နိုင်ရန် ရေစက်ချတရား ဟောကြားချီးမြှင့်ရာ ဘုရားဒါယကာ ဦးဆန်းဝင်းက ရွှေကရားဖြင့် ရေစက်ချပေးသည်။ ဘုရားဒါယကာ အသီးသီးက ငွေကရားများဖြင့် ရေစက်သွန်းချ အမျှပေးဝေပြီး ကုသိုလ်အမျှ သုံးကြိမ်ပေးဝေကြသည်။

ဆရာတော်ကြီးနှင့် ပင့်သံဃာ ၅၇ ပါးတို့အား လှူဖွယ်ဝတ္ထု၊ ဝါဆိုသင်္ကန်းများနှင့် နဝကမ္မအလှူတော်ငွေများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော်ကြီးနှင့် သံဃာတော်များကို နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

စာရေးသူသည် ရေစက်ချပြီးသောအခါ ဆရာတော်ကြီးကို အနီးကပ်ဖူးမြော်ရာ "ဟေ့မာဃိန္ဒ" မင်းကို ငါ့ရဲ့အုတ် ၁၀၀ မြောက် မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ပုဂ္ဂလပညာတ်ကျမ်းရဲ့ ဝိသေသကို မင်းဖတ်ဖို့ ငါပေးမယ်ဟု ဆိုသည်။ စာရေးသူ အလွန်ဝမ်းမြောက်ပီတိဖြစ်ရသည်။ ဆရာတော်ကြီးသည် အသက် ၈၆ နှစ်ဆိုသော်လည်း ကျန်းမာရေး ကောင်းပါသည်ဟု ဆိုနိုင်သည်။ အသံတော်ကလည်း ကောင်းလှပါသည်။ ဆရာတော်ကြီး အနုမောဒနာတရားထဲတွင် မင်းမြတ်အနော်ရထာ၏ ဖောင်တော်ဦးစေတီတော်ငါးဆူ အသစ်ပေါ်ထွန်းစေရန် ဘုရားဒါယကာကြီး ဦးဆန်းဝင်း၏ ဆောင်ရွက်ချက်နှင့် "ဆရာဒကာ ရေနဲ့ကြာ" ဆိုသော မှတ်ချက်ကို လေးလေးနက်နက် စဉ်းစားပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိခဲ့ပါလေသည်။

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု**

**မာဃိန္ဒ(ပုသိမ်ကြီး)**



## ရေရှည်အသုံးခံနိုင်မည့် ဘက်ထရီအမျိုးအစားသစ် တောင်ကိုရီးယားပညာရှင်များ အဆင့်မြှင့်တီထွင်

ရေရှည်အသုံးခံနိုင်မည့် လျှပ်စစ်ကားဘက်ထရီအမျိုးအစားသစ်တစ်မျိုးကို တောင်ကိုရီးယားပညာရှင်များ မကြာသေးမီက အဆင့်မြှင့်တီထွင်ခဲ့ကြသည်။

ပိုဟန်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် သံနှင့် အခြားပစ္စည်းများဆိုင်ရာနည်းပညာတက္ကသိုလ်မှ ပါမောက္ခ



ကျူးယောင်ပတ်ခ်၏ ဦးဆောင်မှုဖြင့် ဘက်ထရီအမျိုးအစားသစ်ကိုတီထွင်ခဲ့ကြခြင်း ဖြစ်သည်။

လစ်သီယမ်ဘက်ထရီများ၏နေရာတွင် ရေရှည်အသုံးခံနိုင်သော ဘက်ထရီများထုတ်လုပ်နိုင်ရန်အတွက် နီကယ်ဖြင့် ထိုပညာရှင်များ ဆန်းသစ်တီထွင်ခဲ့ကြသည်။

ထိုသို့တီထွင်ရာမှ ပေါ်ထွက်လာသော ဘက်ထရီအမျိုးအစားသစ်သည် အပူဒဏ်ကိုလည်းခံနိုင်ရည်ရှိကာ ရေရှည်လည်း အသုံးခံနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(SCI)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## V @ Kim Taehyung က Celine ၅၉၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးခဲ့



ကိုရီးယားဂျောင်အန်ဒေလီ စတင်း၏ ဖော်ပြချက်အရ ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းသည် Celine ကုန်အမှတ်တံဆိပ်လုပ်ငန်းလည်ပတ်မှု အကျိုးအမြတ်အတွက် ၅၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗွီ(ခေါ်)ကင်ထယ်ယောင်းကို Celine သံတမန်အဖြစ် ခန့်အပ်ခဲ့ပြီးနောက် ကိုရီးယားဈေးကွက်အတွင်း Celine ၏ ကြီးထွားလာမှုကြောင့် ကျေးဇူးတင်ကြောင်း ယင်းလုပ်ငန်းလည်ပတ်မှုအကျိုးအမြတ်သည် ၅၁၃ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပြီး စုစုပေါင်း ၅၉၁ ရာခိုင်နှုန်းထိ တိုးမြှင့်ပေးသည့် အမြင့်ဆုံးသံတမန်ဖြစ်ခဲ့ကြောင်းကို အကျယ်တဝင့် ဖော်ပြပေးထားသည်ကို Korea Joong Ang Daily တွင် တင်ပြထားသည်။

အခြားကုန်အမှတ်တံဆိပ်များအကျိုးအမြတ်ကျဆင်းနေသော်လည်း Celine ကို ရောင်းအားတိုးမြှင့်အောင် စွမ်းဆောင်ပေးနိုင်သူမှာ ဗွီဟု လပ်ဖတီကလည်း ဆိုသည်။ **(SKY)**

## Lee Jang Woo က သင်တန်းတွင် သူငယ်ချင်းသစ်ရရှိ

သရုပ်ဆောင်မင်းသား လီဂျောင်ဝူသည် အနုပညာလုပ်ငန်းများ ရပ်နား၍ သင်တန်းတက်ခဲ့ရာမှ သူငယ်ချင်းသစ်နှင့်တွေ့ဆုံခဲ့ကြောင်း ပရိသတ်ကို ကြွားလုံးထုတ်ပြောကြားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာရှင် လီဂျောင်ဝူက



သင်တန်းတွင် ကမ္ဘာကျော်ကေပေါ့ပ်အဖွဲ့ ဘီတီအက်စ်အဖွဲ့ဝင်နှင့် သူငယ်ချင်းဖြစ်ခဲ့ပြီး သူငယ်ချင်းသစ်ရရှိခဲ့သည်ဟု ပရိသတ်ကို ဝေမျှပြောကြားခဲ့သည်။

လီဂျောင်ဝူမှာ သရုပ်ဆောင်စွမ်းရည်ပြည့်ဝသူဖြစ်ကာ သူပါဝင်ထားသည့် ဇာတ်ကားများ ပရိသတ်အားပေးမှုရရှိထားပြီး သင်တန်းကာလတွင် အနုပညာလုပ်ငန်းများ ရပ်နားထားသော်လည်း အနုပညာရှင်များနှင့် သူငယ်ချင်းသစ်ဖြစ်ခဲ့၍ ဝမ်းသာမဆုံးဖြစ်နေသည်။

အနုပညာသင်တန်းကျောင်းဆင်းများဖြစ်ကြ၍ သူတို့နှစ်ဦးခင်မင်မှုများ စီနီယာ၊ ဂျူနီယာ ဆက်ဆံရေးထက် သူငယ်ချင်းဆက်ဆံရေးအဖြစ် ရင်းနှီးမှုရှိခဲ့ကြသည်။ **(SKY)**



## Guan Xiaotong အပါအဝင် တရုတ်အနုပညာရှင်များ Weibo Movie Night ပွဲတက်ပုံရိပ်များ

တရုတ်အနုပညာရှင်များစွာ တက်ရောက်ခဲ့သည့် Weibo Movie Night ပွဲတက်ဖက်ရှင်များတွင် ပွဲတက်တိုင်းလှပနေသည့် ဂူအန်ရှောင်တုန်လည်း ပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂူအန်ရှောင်တုန်သည် ချောမောလှပပြီး အဖြူရောင်နတ်သမီးလေးဖက်ရှင်နှင့်အဝါရောင်ဝတ်စုံကို ဆင်မြန်းကာ ဖက်ရှင်စတိုင်လ်သစ်ချပြခဲ့ပြီး ဖန်ရှောင်ရှောင်၏ ဇာအကျီဖက်ရှင်၊ လီအန်ဂျီ၏ ဖက်ရှင်စတိုင်လ်တို့မှာ ပရိသတ်ကြိုက်နှစ်သက်ခဲ့ကြသည်။

ဝမ်ရီဘို၏ ဖက်ရှင်စတိုင်လ်နှစ်မျိုးလုံး ရင်ဘတ်မှတန်ဖိုးကြီးရင်ထိုးများကို ပရိသတ်စိတ်ဝင်စားခဲ့ကြကာ ဝီဂါသူလေးပူလင်ရှာ၏ အပြာရောင်နှင့်အဝါရောင် ဖက်ရှင်၊ ဆွဲဆောင်အားပြင်းသည့် ကျန်းချူရှီ၊ ကျက်သရေရှိသော အလှနှင့် ကျန်းရီတို့ကို မြင်တွေ့ကြရသည်။

ကျန်းဇီရီမှာ Carolina Herrera Fall/Winter 2024 ဖက်ရှင်၊ ကြွေရုပ်သေး ဂျန်းစီမန်၊ အနက်ရောင်နှင့် ချန်ဟူဆန်၊ ဂျက်စတင်(ခ)ဟွမ်မင်ဟောင်၏ အဖြူအမည်းဖက်ရှင်၊ ခံ့ညားမှုနှင့် ယူရှီ၊ လီန်ဟောင်ရမ်၊ ပိန်ရှုချန်း၊ လီဂန်ရှီ၊ အာဟွန်ဂါ၊ လီန်ဟောက်ကန်စသည့် တက်သစ်စအနုပညာရှင်လေးများကိုလည်း မြင်တွေ့ကြရသည်။ **(SKY)**

## Zhao Lusi စံချိန်ချိုးနိုင်သည့် အမျိုးသမီးစာရင်းဝင်ခဲ့

တရုတ်အနုပညာရှင် ကျန်လူဆီရိုက်ကူးနေသည့် Love's Ambition ဇာတ်လမ်းမှာ Doyin Hastag ၌ ကြည့်ရှုသူများပြားပြီး ၁၀၀ ဘီလျံရောက်ခဲ့၍ စံချိန်ချိုးနိုင်သည့် စာရင်းဝင်ဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားနှင့်ကျန်လူဆီသည် စံချိန်တင်မင်းသမီးများတွင် ငါးဦးမြောက်ခဲ့ပြီး 95 Liner တွင် ပထမဆုံးမင်းသမီးဖြစ်ခဲ့သည်။

ယင်းသို့စံချိန်ချိုးထားသည့် မင်းသမီးလေးဦးမှာကျန်လီယင်း၊ ယောင်းဇီ၊ ယောင်းမီ၊ ဒီလ်ဘာရာဒီမူရတ်တို့ဖြစ်ပြီး ငါးဦးမြောက်တွင် ကျန်လူဆီရရှိခဲ့ခြင်းဖြစ်သည်။

ကျန်လူဆီသည် ချောမောလှပရုံသာမက သရုပ်ဆောင်စွမ်းရည်လည်း ထူးချွန်ကာ ပရိသတ်နှစ်ခြိုက်စွာ အားပေးမှုရရှိထားပြီး တရုတ်အနုပညာလောကတွင် တောက်ပသော ကြယ်တစ်ပွင့်ဖြစ်ရုံသာမက ကမ္ဘာ့အဆင့်ထိ တက်လှမ်း၍ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၏ သံတမန်အဖြစ်လည်း ကျော်ကြားနေသူဖြစ်သည်။ **(SKY)**



## Fan Bing Bing က VOGUE World Paris 2024 ပွဲ ခမ်းနားစွာတက်ရောက်ခဲ့

နာမည်ကြီးအနုပညာရှင် ဖန်ပင်းပင်းသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်သည့် VOGUE World Paris 2024 ပွဲသို့ ရှေးဟောင်းတရုတ်ရိုးရာဝတ်စုံနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများဆင်မြန်း၍ ခမ်းနားစွာ တက်ရောက်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဖန်ပင်းပင်းသည် ရှေးဟောင်းတရုတ်ရိုးရာဝတ်စုံနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ ဆင်မြန်းကာ တရုတ်လူမျိုးတစ်ဦး၏ ခမ်းနားထည်ဝါမှုကို အဆိုပါပွဲတွင် ပြသသွားခဲ့သည်။

ဖန်ပင်းပင်းက Iris Van Herpen Haute Couture Show၊ Georges Hobeika Couture Show၊ Stephane Rolland Couture Show စသည့် ပဲရစ်ဖက်ရှင်ရှိုးပွဲများစွာကိုလည်း တက်ရောက်ခဲ့သည်။

ဖက်ရှင်စတိုင်လ်ကျနစွာ ခေတ်မီဝတ်စုံများကို ဆင်မြန်းထားသော ဖန်ပင်းပင်း၏အလှကို ကမ္ဘာ့ပရိသတ်များ ရင်သတ်ရှုမောဖွယ် မြင်တွေ့ခဲ့ကြရသည်။ **(SKY)**



## Wang Yibo နှင့် LOEWE CEO Ms Pascale Lepoivre တို့ကို အတူတွေ့ရ

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် LOEWE ၏ 2025 Men's ပွဲတွင် ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်ခဲ့သည့် ဝမ်ရီဘိုကို စီအီးအိုမစ္စပါစကယ်လီပိုအီဗရီနှင့်အတူ ဖက်ရှင်စတိုင်လ်သစ်နှင့် မြင်တွေ့ကြရသည်။

အဆိုပါပွဲတော်တွင် ဝမ်ရီဘို၏ ဖက်ရှင်စတိုင်လ်သစ်မှာ ရောင်စုံအလှများနှင့် ကြည်လင်တောက်ပနေရာ ပရိသတ်ကြားအထင်ရှားဆုံးဖြစ်ခဲ့သည်။

ယင်းပွဲတော်၏ နာမည်ကြီးကုန်အမှတ်တံဆိပ်များစွာကလည်း ဝန်းရံပေးခဲ့ကာ ဝမ်ရီဘိုနှင့်အတူတွဲ၍ မြင်တွေ့ခဲ့ကြရကာ LOEWE ၏ စီအီးအိုမစ္စပါစကယ်လီပိုအီဗရီနှင့် ဝမ်ရီဘိုတို့ အတူတွဲ၍ မြင်တွေ့ကြရသည်မှာ ပရိသတ်အတွက် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ရသည်။

ဝမ်ရီဘို၏ ရောင်စုံခနေသော ဖက်ရှင်အလှမှာ မြင်ရသူတိုင်းစိတ်ကို ကြည်နူးလန်းဆန်းမှုရသသစ်ရရှိခဲ့သည်ဟု ပရိသတ်က မှတ်ချက်ပေးထားသည်။ **(SKY)**



# သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်ကို ပိတ်ပင်ထားသည့် ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ် ပြန်ဖွင့်ပေးလိုက်ပြီ

**ဝါရှင်တန် ဇူလိုင် ၁၃**



ပိတ်ပင်ထားသည့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်၏ ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ် အင်တာနက်လူမှုကွန်ရက်အကောင့်များကို ၎င်းတို့၏ မိခင်ကုမ္ပဏီဖြစ်သော မယ်တာက ပြန်ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်က ဝါရှင်တန်မြို့တော်ရှိ အမေရိကန် ကက်ပီတောလွှတ်တော်အဆောက်အအုံထဲသို့ ဝင်ရောက်ရန်ပြုတိုက်ခိုက်သူများကို အားပေးအားမြှောက်ပြုခဲ့သဖြင့် ထရမ့်၏ အဆိုပါလူမှုကွန်ရက်အကောင့်များ ပိတ်ခံခဲ့ရခြင်း ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ မဲရလဒ်နှင့် ပတ်သက်၍ ထရမ့်က အဆိုပါအကောင့်များမှတစ်ဆင့် သတင်းမှားများဖြန့်ခဲ့ကြောင်း တွေ့ရသည်ဟုလည်း မယ်တာက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ် အစောပိုင်းက ၎င်း၏ အကောင့်များကို အကန့်အသတ်ဖြင့် တစ်ကြိမ်ပြန်ဖွင့်ပေးကာ စောင့်ကြည့်ခဲ့သေးသည်ဟု ဆိုသည်။

သို့ရာတွင် ဒေါ်နယ်လ်ထရမ့်က ၂၀၂၂ ခုနှစ်ကတည်းက ၎င်း၏ ကိုယ်ပိုင် ထရုသ်ဆိုရှယ်လူမှုကွန်ရက်ကို သုံးနေခဲ့လေသည်။

မယ်တာကုမ္ပဏီပိုင်ရှင် မာ့ခ်ဇူကာဘတ်ကို ထောင်ထဲထည့်ပစ်ရန် မိမိကြံရွယ်ခဲ့သေးသည်ဟု ထိုလူမှုကွန်ရက်တွင် ထရမ့် လွှင့်တင်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ၎င်း၏ ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ် အင်တာနက်လူမှုကွန်ရက်အကောင့်များကို ပြန်ဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးတွင် နိုင်ငံ ၁၀၀ ကျော် ပူးပေါင်းပါဝင်မည် မျှော်လင့်ရ

**ဘရာဇီးလီးယား ဇူလိုင် ၁၃**

ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးတွင် နိုင်ငံ ၁၀၀ ကျော် ပူးပေါင်းပါဝင်မည် မျှော်လင့်ရသည်ဟု ဘရာဇီးလူမှုဖွံ့ဖြိုးရေးဝန်ကြီး ဝယ်လင်တန်ဒိုင်ယာ့ဇ်က ဇူလိုင် ၁၁ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့၏ ငတ်မွတ်ခေါင်းပါးမြေပုံ၌ ပါရှိသော နိုင်ငံများတွင် ငတ်မွတ်မှု ပပျောက်သွားစေရမည်ဟု ဘရာဇီးနိုင်ငံအနေဖြင့် မျှော်မှန်းကြောင်း ၎င်းက ပြောကြားသည်။

နိုဝင်ဘာလတွင် ကျင်းပမည့် နိုင်ငံ ၂၀ ညီလာခံတွင် ငတ်မွတ်မှုနှင့် ဆင်းရဲမှုတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာမဟာမိတ်အဖွဲ့ ဖွဲ့စည်းရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# နေအိမ်နှင့် ရုံးခေါင်မိုးများ၌ နေစွမ်းအင် စုဆောင်းရန် ဗီယက်နမ်အစိုးရ စီစဉ်ဆောင်ရွက်

**ဟနွိုင်း ဇူလိုင် ၁၃**

ပြည်တွင်းရှိ လူနေအိမ်နှင့် ရုံးအဆောက်အအုံခေါင်မိုးများ၌ နေစွမ်းအင်စုဆောင်းရန် ဗီယက်နမ်အစိုးရ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နေစွမ်းအင်စီမံကိန်းအတွက် လိုအပ်သော စွမ်းအင်စုဆောင်းပေးသည့် အပြားများကို အလုံအလောက်ဝယ်ယူရန် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ထရန်ဟုန်ဟာက စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားထားသည်။

ယင်းစီမံကိန်းအရ ဗီယက်နမ်တစ်နိုင်ငံလုံး လွှမ်းခြုံမည့် စီမံကိန်းတွင် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၉၆၃ ဂစ်ဂါဘိုက် ထုတ်လုပ်နိုင်မည်ဟု ဆိုသည်။

**Mon**

0-0-0-0-0



# ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ကူးတို့ရေယာဉ် ဆန်ဖရန်စစ္စကိုပင်လယ်အော်အတွင်း စတင်ပြေးဆွဲမည်



**ဝါရှင်တန် ဇူလိုင် ၁၃**

ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ကူးတို့ရေယာဉ်ကို အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုပင်လယ်အော်အတွင်း မကြာမီ စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆီးချိန်းဟု အမည်ပေးထားသော ထိုဟိုက်ဒရိုဂျင်စွမ်းအင်သုံး ကူးတို့ရေယာဉ်သည် ၂၁ မီတာ ရှည်လျားကာ ခရီးသည် ၇၅ ဦးကို တင်ဆောင်နိုင်မည်ဟု ဆိုသည်။

ဟိုက်ဒရိုဂျင် တစ်ကြိမ်အပြည့်ဖြည့်ထားလျှင် ဆီးချိန်းကူးတို့ရေယာဉ်ကို ရေမိုင် ၃၀၀ အထိ ၁၆ နာရီကြာ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း ဆန်ဖရန်စစ္စကိုပင်လယ်အော် ရေကြောင်းသွားလာရေးကွပ်ကဲသည့်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာသည်။

ရေယာဉ်များမှ ထုတ်လွှတ်သော အခိုးအငွေ့များအစား ဆီးချိန်းက ရေကိုသာ စွန့်ထုတ်ပေးသဖြင့် ပတ်ဝန်းကျင် လေထု၊ ရေထုကို လုံးဝညစ်ညမ်းစေမည်မဟုတ်ကြောင်း ဟိုက်ဒရိုဂျင်စွမ်းအင်အဖွဲ့အစည်းဥက္ကဋ္ဌ ဖရန့်ခ်ဝိုလတ်က ရှင်းပြသည်။ **Mon**

**စကော့တလန်နိုင်ငံ အော်ကနေးကမ်းခြေတစ်နေရာတွင် ဇူလိုင် ၁၁ ရက်က သောင်တင်သေဆုံးခဲ့ကြသော ဝေလငါး ၇၇ ကောင်ကို တွေ့ရစဉ်။**

**Mon**



STOP AIDS



# နီပေါနိုင်ငံအလယ်ပိုင်း ချစ်တဝမ်ခရိုင်အတွင်း ဘတ်စ်ကား နှစ်စီး မြစ်ထဲထိုးကျမှု ဖြစ်ပွား

**ခတ္တမန္ဒူ ဇူလိုင် ၁၃**

နီပေါနိုင်ငံအလယ်ပိုင်း ချစ်တဝမ်ခရိုင်အတွင်း ဇူလိုင် ၁၃ ရက်က ခရီးသည်တင်ဘတ်စ်ကား နှစ်စီး မြစ်ထဲထိုးကျမှု ဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်မြေပြိုမှုကြောင့် ယင်းဘတ်စ်ကား နှစ်စီး ကားလမ်းပေါ်မှ ချော်ထွက်ပြီး ထရီရှူလီမြစ်ထဲ ထိုးကျသွားခဲ့ခြင်း ဖြစ်သည်။

ခရီးသည် ၆၃ ဦး ထိုဘတ်စ်ကားများနှင့်အတူ ပျောက်ဆုံးသွားသဖြင့် ကယ်ဆယ်ရေးသမားများက လိုက်လံရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

**Mon**

# လူနှစ်ဦး သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ ၃၄ နှစ်အရွယ် သံသယရှိသူ အဖမ်းခံရ

**လန်ဒန် ဇူလိုင် ၁၃**

ယခင်အပတ်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်အနောက်ပိုင်းရှိ တိုက်ခန်းတစ်ခန်းတွင် ဖြတ်တောက်ထားသော လူ့ကိုယ်အင်္ဂါအစိတ်အပိုင်းများထည့်ထားသည့် လက်ဆွဲသေတ္တာတစ်လုံး တွေ့ရှိခဲ့သည်။

မရှေးမနှောင်းတွင် ယင်းအခင်းဖြစ်နေရာ၏ အနောက်ဘက် မိုင် ၁၀၀ ခန့်အကွာ ဘရစ္စတောမြို့ရှိ ကလစ်ဖ်တန်တံတားပေါ်၌လည်း လူ့ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထည့်ထားသည့် လက်ဆွဲသေတ္တာနှစ်လုံး တွေ့ရှိခဲ့ကြပြန်သည်။

ထိုလက်ဆွဲသေတ္တာ သုံးလုံးထဲ၌ တွေ့ရသော လူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ဗြိတိသျှရဲစုံထောက်များ စစ်ဆေးကြည့်လိုက်သောအခါ လူနှစ်ဦး သတ်ဖြတ်ခံရသောအမှုဖြစ်မည်ဟု ကောက်ချက်ချခဲ့သည်။

ယင်းအမှုနှင့် ပတ်သက်၍ သံသယရှိသူများကို ရှာဖွေခဲ့ရာမှ လန်ဒန်မြို့တော်တွင် အသက် ၃၆ နှစ်အရွယ် အမျိုးသား တစ်ဦးကို ဖမ်းဆီးရမိကာ စစ်ဆေးမေးမြန်းခဲ့ကြသေးသည်။

၎င်းသည် ထိုအမှုနှင့် မသက်ဆိုင်သဖြင့် လွှတ်ပေးခဲ့ပြီးနောက် ဇူလိုင် ၁၃ ရက်တွင် အသက် ၃၄ နှစ်အရွယ် သံသယရှိသူ အမျိုးသားတစ်ဦးကို ထပ်မံဖမ်းဆီးကာ ဆက်လက်စစ်ဆေးမေးမြန်းနေကြောင်း သိရသည်။

**Mon**

0-0-0-0-0



# နမ့်စန်မြို့နယ်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ တရားခံများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းမှ တရားမဝင် လက်နက်/ ခဲယမ်းများအား ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းသို့ သယ်ဆောင်ရန်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းစစ်ဆေးဆောင်ရွက်မှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာအနီး နားရိုင်းကျေးရွာလမ်းခွဲ၌ မတ်ကျန်းကျေးရွာဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ 2K-7178 VIGO (အနက်ရောင်) ယာဉ်အားရပ်တန့်စစ်ဆေးရာဖွေခဲ့ရာ RCSS/SSA အဖွဲ့မှ စုမှူးအဆင့်ရှိ စိုင်းနွံမိန်း(၂၅)နှစ်၊ တပ်သားအဆင့်ရှိသူများဖြစ်သည့် စိုင်းဆု(ခ)ဆုဇေယျ(၃၁)နှစ်၊ စိုင်းကောင်(၂၆)နှစ်၊ ဘိုဘိုဟန်(၂၃)နှစ်နှင့် စိုင်းနွံလှိုင်း(၂၆)နှစ်တို့ ငါးဦးအား KIA အဖွဲ့က ထုတ်လုပ်သည့် KA (၄၀ မမ တွဲ)ငါးလက်၊ ၄၀ မမဆုံလည်(ခြောက်လုံးတွဲ) ငါးလက်၊ ၄၀ မမ တစ်လုံးထိုး ငါးလက်၊ ၇ ဒသမ ၆၂ ကျည် ၄၃၇၆၅ တောင့်၊ ၄၀ မမ ဗုံးသီး အလုံး ၄၅၀၊ KA ကျည်အိမ် ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



စိုင်းနွံမိန်း(၂၅)နှစ်



စိုင်းဆု(ခ)ဆုဇေယျ(၃၁)နှစ်



စိုင်းကောင်(၂၆)နှစ်



ဘိုဘိုဟန်(၂၃)နှစ်




စိုင်းနွံလှိုင်း(၂၆)နှစ်



၁၂-၇-၂၀၂၄ ရက်တွင် နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ RCSS/SSA အဖွဲ့မှ စိုင်းနွံမိန်း အပါအဝင် တရားခံ ငါးဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



ကျည်ဆံထည့်သည့်ပုံး ၁၃ ပုံး။

ဖြစ်စဉ်တွင် တရားခံ ကျားငါးဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၁၅ လက်၊ ကျည်မျိုးစုံ ၄၃၇၆၅ တောင့်၊ ဗုံးသီးမျိုးစုံ ၄၅၀၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ စိုင်းနွံမိန်းမှာ RCSS/SSA အဖွဲ့ တပ်မဟာ(၇၅၉) မှ စုမှူးအဆင့်ရှိသူဖြစ်ပြီး ကျန်တရားခံ လေးဦးမှာ တပ်သားအဆင့်ရှိသူများ ဖြစ်ကြောင်း၊ သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများအား ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နားရိုင်းကျေးရွာလမ်းခွဲ၌ PNLA အဖွဲ့ဝင် သထိုထံမှ လက်ခံရယူ၍ PNLA အဖွဲ့နှင့် ချိတ်ဆက်ထားသည့် ကယားပြည်နယ်အတွင်းရှိ KNPP၊ KNDF အဖွဲ့များထံသို့ လည်းကောင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အစပ်၌ လှုပ်ရှားလျက်ရှိသည့် KNLA အဖွဲ့ထံသို့လည်းကောင်း ပို့ဆောင်ပေးရန်အတွက် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။



KA(၄၀ မမတွဲ) ၅ လက်



၄၀ မမ ဆုံလည်(ခြောက်လုံးတွဲ) ၅ လက်

ဖြစ်စဉ်တွင်သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများမှာ KIA လက်နက်ကိုင်အဖွဲ့မှ ထုတ်လုပ်သည့် လက်နက်/ခဲယမ်းများဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး KIA လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံသို့လည်းကောင်း၊ အခြားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များထံသို့ လည်းကောင်း လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများအား ထောက်ပံ့ကူညီခြင်း၊ ရောင်းချပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင် သောင်းကျန်းသူများက

စာမျက်နှာ ၁၀ သို့ ○



၄၀ မမ ဗုံးသီး ၄၅၀ လုံး



၇.၆၂ ကျည် ၄၃၇၆၅ တောင့်

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၃

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ် အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနေစဉ်အတွင်း၌လည်း အများပြည်သူများ အစုလိုက်၊ အပြုံလိုက် သေကျေ ဒဏ်ရာရရှိစေလိုသော ယုတ်မာရက်စက်သည့် ရည်ရွယ်ချက်ဖြင့် လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရသည်။

## အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

အလားတူ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်၌ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းအချို့နှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူအချို့တို့အား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ကြသကဲ့သို့ ကယားပြည်နယ် လွိုင်ကော်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ မိုးဗြဲ၊ ဖယ်ခုံ၊ လွိုင်ကော်၊ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်၊ စခန်းများအား ဇန်နဝါရီ ၂၆ ရက်တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့နှင့် အနီးပတ်ဝန်းကျင်အတွင်း ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လူနေအိမ်များ၊ ဈေးများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူနေအိမ် အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဒေသများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter- Terrorism Operation)ကို ဇန်နဝါရီ ၂၉ ရက်မှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ ဆီဆိုင်-လွိုင်ကော် လမ်းကြောင်း(၄၂) မိုင်အား မေ ၂၉ ရက်တွင်ပြန်လည်

စာမျက်နှာ ၁၁ သို့ »»




KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ပြည်နယ်အစိုးရရိပ်သာပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။





KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ယဉ်ကျေးမှုပြတိုက်အတွင်းမှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာများအား တွေ့မြင်ရစဉ်။








လွိုင်ကော်တက္ကသိုလ်၊ လွိုင်ကော်လေယာဉ်ကွင်းနှင့် ပြည်နယ်အစိုးရဧည့်ရိပ်သာတို့တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်နေစဉ်။

○ စာမျက်နှာ ၉ မှ

အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် လမ်း၊ တံတား၊ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် အားပေးကူညီလျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

## သတင်းပေးတိုင်ကြားနိုင်

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်



၄၀ မမ တစ်လုံးထိုး ၅ လက်ကို တွေ့ရစဉ်။



နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ လက်နက်/ခဲယမ်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၁၀ မှ

တိုက်ခိုက် ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက် သမားများနှင့် ထိတွေ့တိုက်ပွဲများ ၈၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ယင်းမှ လွိုင်ကော်မြို့ လုံခြုံရေးနှင့် လေယာဉ်ကွင်းအား အဓိက နှောင့်ယှက်မှုပြုလုပ်ခဲ့ရာ စက်မှုဇုန်နယ်မြေနှင့် နာနတ်တောရပ်ကွက်တို့အား ဇွန် ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ခဲ့ပြီး ထိုသို့ ဆောင်ရွက်ပြီးချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် မြို့၊ ရွာများအတွင်း အပျက်အစီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းကို ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် လွိုင်ကော်မြို့အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသည့် နေရာများအား ဇွန် ၁၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ နာနတ်တောရပ်ကွက်၊ နောင်ယား(က)ရပ်ကွက်၊ တေးငှားလျားရပ်ကွက်၊ နောင်ယား(ခ)ရပ်ကွက်၊ တောင်ကွဲစေတီ၊ စိန့်မာတင် ဘုရားကျောင်း၊ ယဉ်ကျေးမှုပြတိုက်၊ စက်မှုလက်မှုသိပ္ပံကျောင်း၊ ပြည်နယ်အစိုးရရိပ်သာ၊ ပြည်နယ်အဆင့် ဝန်ကြီးဌာနရုံးများနှင့် အရေးကြီး အဆောက်အအုံများ၊ လွိုင်ကော်လေဆိပ်အပါအဝင် ဇူလိုင် ၁၁ ရက်တွင် လွိုင်ကော်တက္ကသိုလ်တစ်ခုလုံးကိုလည်း ရှင်းလင်းရေးဆောင်ရွက်နိုင်ခဲ့ကာ လွိုင်ကော်မြို့အတွင်းရှိ စာသင်ကျောင်းများ အနက် အချို့သောကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းနှင့် တက္ကသိုလ်များ၊ စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိစဉ် မြို့ရွာများအား ထိခိုက် ပျက်စီးစေလိုသည့် အကြမ်းဖက်သမားများအနေဖြင့် ဇူလိုင် ၄ ရက်ကလည်း လွိုင်ကော်မြို့အတွင်းသို့ လက်နက်ကြီးများ ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောခမ္မ ရပ်ကွက်၊ နမ့်ဘော်ဝမ်(က) ရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်၊ ကျောက်တောင် ရပ်ကွက်များ အတွင်းသို့လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ရကာ ကလေးငယ် လေးဦးအပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

**ကြည့်ရှုအားပေး**

တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့နှင့် အနီးပတ်ဝန်းကျင်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ပြီးသည့် အချိန်၌ ဒေသခံပြည်သူများ အပါအဝင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်တို့က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီဖြစ်ကြောင်းနှင့် လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုတာဝန်ရှိသူများကပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



လွိုင်ကော်ယဉ်ကျေးမှုပြတိုက်တွင် သန့်ရှင်းရေးပြုလုပ်နေမှုအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်အစိုးရဧည့်ရိပ်သာ ပျက်စီးမှုကို တွေ့ရစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံးရှိ မော်တော်ယာဉ်များ ပျက်စီးမှုကို တွေ့ရစဉ်။







KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးမှုကို တွေ့ရစဉ်။







KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ်၊ ယဉ်ကျေးမှုပြတိုက်နှင့် နှစ်ထပ်ဈေးတို့ပျက်စီးမှုကို တွေ့ရစဉ်။

## မင်းကင်းမြို့ ရေဘေးရှောင်အိမ်ထောင်စုများအား ငွေနှင့်ပစ္စည်းများ ထောက်ပံ့

**မင်းကင်း ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့ အမှတ်(၃)ရပ်ကွက်၊ ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်း ကျေးရွာများရှိ ရေဘေးရှောင် အိမ်ထောင်စုများအား ဇူလိုင် ၁၀ရက်ညနေပိုင်းက ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

မင်းကင်းမြို့ အမှတ်(၁) ရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်း ယာယီရေဘေးရှောင်စခန်းနှင့် အမှတ်(၃)ရပ်ကွက်ရှိ မင်းမဟာကျောင်းတိုက်ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူ ၂၂၇ ဦးအတွက် မြို့နယ်ဘေးစီမံဌာနမှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၉၅၃၄၀၀၊ ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာမှ ရေဘေးရှောင်ပြည်သူ ၂၀ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၈၄၀၀၀ စုစုပေါင်း ၁၀၃၇၄၀၀၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဆိုပါ ရေဘေးရှောင်အိမ်ထောင်စု ၆၈စုမှ လူဦးရေ ၂၄၇ဦးအတွက် အိမ်ထောင်စုတစ်စုလျှင် မားမားခြောက်ဆွဲခြောက် ၅ထုပ်နှုန်းဖြင့် ငွေကျပ်တန်ဖိုး ၂၀၄၀၀၀တို့ကို ရေဘေးရှောင်ပြည်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ချင်းတွင်းမြစ်သည် မင်းကင်းမြို့၏ စိုးရိမ်ရေအမှတ် ၁၃၅၀ စင်တီမီတာအထက် ၁၈၀ စင်တီမီတာကျော် ကျော်လွန်မြင့်တက်နေသည့်အတွက် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသော ဒေသခံ အိမ်ထောင်စုများ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။ (၃၉၄)

# တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြော



**တံတားဦး ဇူလိုင် ၁၃**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၌ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားတတ်သည့် အခြားရောဂါများ မဖြစ်ပွားရေးတို့အတွက် ကြိုတင်ကာကွယ်ရေး အနေဖြင့် အခြေခံပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကျွန်းရွှေဝါခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးက မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန် နည်းလမ်းများဖြစ်သော ဖုံး ၊ သွန် ၊ လဲ ၊ စစ် ပြုလုပ်ပေးခြင်း၊ မလဲမသွန်နိုင်သောနေရာများကို အဘိတ်ဆေးများ ခတ်ခြင်း၊ ခြင်ခိုအောင်းပေါက်ပွားနိုင်သော ရေလှောင်ကန်များ၊ ရေစည်များ၊ ရေတွင်းကန်များ ထဲသို့ ပိုးလောက်လန်းသေ အဘိတ်ဆေးများခတ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၀၉)



# (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

မန္တလေး၊ချမ်းအေးသာစံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာန အမှတ် (၃၁)အခြေခံပညာမူလတန်းကျောင်းတို့ ပူးပေါင်းပြီး (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

(၇၇)နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေး ဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲတွင် အ.မ.က (၃၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီစ်မေရီမင်းက အာဇာနည်နေ့အကြို ဟောပြောပွဲ ကျင်းပရခြင်းနှင့် နံရံကပ်စာစောင် ပြသရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်/ဆက်ဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်သူရဲကောင်းကြီးများ၏ အကြောင်းများနှင့် အာဇာနည်စိတ်ဓာတ်ထားရှိရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံများနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီး ၉ ဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၂)

# VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်းပွဲ ကျင်းပ

**ဝမ်းတွင်း ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ၁၁ရွာရှိ ကော်မတီဝင်များအား စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ (VDP) စီမံကိန်းရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP)သင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် ကျေးရွာနှင့်ပူးပေါင်း၍ သင်တန်းမှ သင်ကြားပေးလိုက်သော သင်ခန်းစာများကို လက်တွေ့အသုံးချပြီး ဦးစားပေးအလိုက် ရွေးချယ်ထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ၁၁ ရွာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများမှ ကော်မတီဝင်၂၂ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်း (AVIP) သင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင် ၈ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြား ပို့ချခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံက သိရသည်။

(၀၄၀)

၀-၀-၀-၀-၀-၀

# ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအသိပညာပေးစာစောင်များ ဖြန့်ဝေ

**ရှာင် ဇူလိုင် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ် ၂၀၂၄ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးစာစောင်များကို ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီခွဲက ပြည်သာယာလမ်းမ၊ မင်္ဂလာကျောင်းကြီးရှေ့၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးစာစောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများ ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရှာင်ဈေးလာ ဈေးရောင်း၊ ဈေးဝယ်များ၊ ခရီးသွား ကား၊ ဆိုင်ကယ်များအား မြန်မာဘာသာ၊ ရှမ်းဘာသာဖြင့် ထုတ်ဝေထားသော ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေးစာစောင် ၃၀၀ ကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၃၃၈)



သန့်ရှင်းသာယာ မန္တလာ
ဝိုင်းဝန်း
ထိန်းသိမ်းပါ ။

# ကုန်စည်စီးဆင်းမှုလိုအပ်ချက်အရ ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သား လမ်းပိုင်းတစ်နေရာအား ကတ္တရာတိုးချဲ့ခင်း

**ကျောက်ဆည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လမ်းများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆောက်လုပ်ရေးကုမ္ပဏီငှားရမ်း၍ လမ်းများ ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်စည်စီးဆင်းမှု လိုအပ်ချက်အရ ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်းပိုင်းတစ်နေရာအား ကတ္တရာ တိုးချဲ့ ခင်းပေးခဲ့သည်။

ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေကျပ် (၁၈၂ ဒသမ ၀၀၀)သန်းဖြင့် ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်း၏ (၁၀ ဒသမ ၄၇) ကီလိုမီတာနှင့် (၁၁ ဒသမ ၂၇) ကီလိုမီတာအတွင်းရှိ လမ်းအရှည်(၀ ဒသမ ၈) ကီလိုမီတာအား မူလလမ်းအကျယ် (၃ ဒသမ ၆၆)မီတာမှ(၅ဒသမ ၅)မီတာအထိ ကတ္တရာတိုးချဲ့ခင်းပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေး မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူခဲ့ခြင်း ဖြစ်သည်။

ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်းများ ပြီးစီးပါက ကျောက်ဆည်-မြစ်သား လမ်းဘေးဝဲ၊ ယာရှိ ဒေသခံကျေးရွာပြည်သူများနှင့် လမ်းအသုံးပြုသူများအတွက် ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း သယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

၀-၀-၀-၀-၀-၀





## စာကြည့်တိုက်သို့ စာအုပ်များ သွားရောက်လှူဒါန်း

**မြင်းခြံ ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၆) ရပ်ကွက်ရှိ စာကြည့်တိုက်သို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်များကို ဇူလိုင် ၁၂ရက် မွန်းလွဲ ၂နာရီက သွားရောက် လှူဒါန်းခဲ့သည်။

"မြင်းခြံမြို့မှာဆိုရင် ကျွန်မတို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနကနေ ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ စာကြည့်တိုက်အပြင် အမှတ် (၆) ရပ်ကွက်မှာရှိတဲ့ ဘိုချို စာကြည့်တိုက်တို့မှာ စာအုပ်တွေကို အခမဲ့ ငှားရမ်းပေးလျက်ရှိပါတယ်။ စာဖတ်ပရိသတ်များအပြင် ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာကောင်းပေကောင်း ဖတ်ရှုနိုင်ရန်အတွက် ရည်ညွှန်း စာအုပ်များ၊ အင်္ဂလိပ်ဘာသာပြန် စာအုပ်များနှင့် သုတရသ စာအုပ်များ စုစုပေါင်း ၂၀အုပ်ကို လှူဒါန်းရခြင်း ဖြစ်ပါတယ်"ဟု ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြောသည်။

သုတ၊ ရသ စာအုပ်စာစောင် ၂၀အုပ်ကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့နှင့် ဝန်ထမ်းများက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှ ဒုတိယဥက္ကဋ္ဌဦးစိုးဝင်းနှင့် စာကြည့်တိုက်မှူး ဦးကျော်မိုးအောင်တို့က လက်ခံရယူခဲ့ပြီး ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် စာကြည့်တိုက်တွင် စာရင်းပြုစု၍ ခင်းကျင်းပြသထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၆)

ဝ-ဝ-ဝ-ဝ

## ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(မန္တလေး)တွင် CTME စာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မန္တလေးတိုင်း၊ ခရိုင်ဆေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် CTME စာတမ်းဖတ်ပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘို ရွှေကျင်ရပ်ကွက် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(မန္တလေး) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

CTME စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဦးသံချောင်း ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ အုပ်ကြီး(ငြိမ်း)၊ ဦးစန်းလွင် တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း) တိုင်းရင်းဆေးပညာဦးစီးဌာနတို့က ဆောင်ရွက်ကြပြီး သဘာပတိ ဦးစန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်မိုးသီတာဝင်းက CTME စာတမ်းဖတ်ပွဲဖြစ်မြောက်ရေး ကူညီပံ့ပိုးသူ ဦးစည်သူဝင်း၊ ဦးပြည့်စုံအောင်၊ (ဒေါင်းရာဇာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု မဟာအောင်မြေမြို့နယ်)အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ဆက်လက်ပြီး ဒေါ်ဟေမာန် ဦး လက်ထောက်တိုင်းရင်းဆေးမှူး ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး မန္တလေးမြို့မှ "အဆစ်ရောင်ရောဂါစာတမ်းကို ဖတ်ကြားပြီး



တက်ရောက်လာကြသူများက သိလိုသည်များ၊ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

CTME စာတမ်းဖတ်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)ဦးစီးမှူး ဒေါ်ခင်ဖြူသက်၊ ပါမောက္ခ ဌေးလွင်တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၊ ဒုတိယဆေးရုံအုပ်ကြီး (ခုတင်၁၀၀ဆံ့ တိုင်းရင်းဆေးရုံ)၊ အကြီးတန်းဆေးခန်းမှူး၊ ဒုတိယတိုင်းရင်းဆေးခန်းမှူး လ/ထ တိုင်းရင်းဆေးခန်းမှူး၊ အလုပ်သင်ဆရာ၊ ဆရာမများ ဖိတ်ကြားထားသူများ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး၊ အလုပ်အမှုဆောင် ဦးသင်းနှင့် အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်အသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ရက်



နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ ကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သန်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်အသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦး၊ အတွင်းရေးမှူး ဦးမြင့်သန်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲ၌ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌက ဟောပြောပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း ပြောကြားခဲ့ကြပြီး အတွင်းရေးမှူးက မူးယစ်ဆေးဝါးအမျိုးအစား၊ ဆိုးကျိုးအန္တရာယ်နှင့် မူးယစ်ဆေးဝါးသမိုင်းကြောင်းကို ဟောပြောခဲ့ပြီးနောက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ပြုလုပ်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## တီရစ္ဆာန်များ အစာဖူလုံစေရန် မြက်စိုက်ဧက ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးထားရှိ

**မန္တလေး ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ခရိုင် ၁၁ ခရိုင်အတွင်းရှိ တောင်သူများမွေးမြူသည့် တိရစ္ဆာန်များ အစာဖူလုံစေရန်အတွက် အစာမြက် စိုက်ဧက ၅၈၈ ဒသမ ၄၂ စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တိရစ္ဆာန်အစာကဏ္ဍ ဖြစ်ထွန်းစေရန်အတွက် ခရိုင် ၁၁ ခရိုင်တွင် တောင်သူများမှ မြက်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးသည့် ခရိုင်များမှာ အောင်မြေသာစံခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်၊သပိတ်ကျင်းခရိုင်၊ တံတားဦးခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် မြက်အမျိုးအစားလေးမျိုးကို ဖွန်လမှစ၍ စိုက်ပျိုးထားပြီးဖြစ်သည်။

"တိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်အစာကဏ္ဍဖြစ်ထွန်းရန်အတွက် အောင်မြင်တဲ့နေရာတွေကို ရွေးချယ်ပြီး မြက်အမျိုးအစားလေးမျိုးကို စိုက်ပျိုးထားပါတယ်။နိုင်ငံခြားက စပ်မျိုးတွေပါ။ တစ်ကြိမ်စိုက်ပြီးရင် သုံးလေးနှစ်လောက် စားရတယ်။ ရေသွင်းပေးရပါတယ်။ တိရစ္ဆာန်အစာအတွက် အဆင်ပြေပါတယ်။ ဌာနကနေပြီး နည်းစနစ်နဲ့ မျိုးတွေကို ဖြန့်ဖြူးပေးပါတယ်။ စမ်းသပ်ကွက်တွေ စိုက်ပျိုးပြီး မျိုးတွေကို အခမဲ့ ဖြန့်ဖြူးပေးပါတယ်။ တောင်သူတွေအနေနဲ့ ဝယ်ကျွေးရတာစာရင် ကိုယ်တိုင်စိုက်ပျိုးတာကြောင့် တွက်ခြေကိုက်ပါတယ်။ တိရစ္ဆာန်တွေအတွက်လည်း ဒီလို မြက်မျိုးတွေကျွေးနိုင်တာထက်ကြောင့် အောင်မြင်ဖြစ်ထွန်းပြီး အသားကဏ္ဍမှာလည်း ဖွံ့ဖြိုးတိုးတက်စေပါတယ်။ တောင်သူတွေလက်ထဲကိုလည်း တိုးချဲ့စိုက်ဖို့ မြက်မျိုးတွေကို ဖြန့်ဖြူးပေးထားပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ တိရစ္ဆာန်အစာကဏ္ဍအတွက် ဖြစ်ထွန်းအောင်မြင်စေရန်အတွက် တောင်သူများက မြက်အမျိုးအစားလိုက် စိုက်ပျိုးထားရှိရာတွင် နေပီယာမြက်စိုက်ဧက ၅၄၃ ဒသမ ၀၂ ဧက၊ မွန်ဘာဆားမြက်စိုက် ဧက ၁၅ ဒသမ ၀၅ ဧက၊ မူလတိုမြက်စိုက်ဧက ၀ ဒသမ ၂၅ ဧက၊ မြက်ချိုမြက်စိုက်ဧက ၃၀ ဒသမ ၁၀ ဧကတို့ဖြစ်ပြီး စုစုပေါင်းမြက်အမျိုးအစားအလိုက် စိုက်ဧကမှာ ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယင်းမြက်များထဲတွင် နေပီယာမြက်ကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ဆက်လက်ပြီး ပုဂ္ဂလိကမွေးမြူသူများကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြက်မျိုးများကို ဖြန့်ဝေပေးထားကြောင်း သိရသည်။



(ဝဲပုံ)

(၀၃၄)



## အာဇာနည်နေ့ အထိမ်းအမှတ်အကြို ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၁၃**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ community centre ပံသုကျီခန်းမ၌ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ပြပွဲ ပြိုင်ပွဲများ ကျင်းပခဲ့သည်။


ရှေးဦးစွာ မြို့နယ်ပြန်/ဆက်ဌာန ဦးစီးအရာရှိ ဦးဇင်မင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် တက်ရောက်လာသည့် အထက ပုသိမ်ကြီး Grade- 6 ကျောင်းသား၊ ကျောင်းသူများအား အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပုံပြော၊ ကဗျာရွတ်၊ စိတ်ကြိုက်ပန်းချီ၊ ဆေးရောင်ခြယ် စသည့် ပြိုင်ပွဲများအပြင်၊ စာအုပ်စာစောင်ပြပွဲ၊ စာဖတ်ဝိုင်းများကိုလည်း ကျင်းပပေးမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အထကပုသိမ်ကြီး အလယ်တန်းပြ ဆရာမ ဒေါ်သဲအေးသန့်ဇင်နှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သော ပြိုင်ပွဲများမှာ စာစီစာကုံး၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ စာဖတ်ဝိုင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၉၅)

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၇၈)

## သွယ်အောင်



### အချစ်ကို မေးဆေးပေးခြင်း

* အဲဒီနေ့က
ပျားရည်ချိုမြမြတွေ စီးဆင်း
အပျော်သီချင်းတွေနဲ့လေ ။
* နှစ်ဦးသားရဲ့ အနာဂတ်
ဖတ်ရှုခံစား
လှိုင်းလုံးများလို ရောက်လာ
ဘဝဆိုတာ တွေ့လာရတော့မယ် ။
* ဘဝ မြစ်မှာ စုန်ဆန်ဖို့
ဆက်ရန်နိမိတ်
အတိတ်ပါတဲ့ ထီလက်မှတ်
စာအုပ်ကြားမှာ ညှပ်ထားတယ် ။
* မသေချာပါဘူး
အချစ်ဦးရေ …
အပျော်တွေလည်း ပျောက်ရှခဲ့
လှပတဲ့ ရင်ခုန်သံတွေ
အားနာလိုက်တာလေ ။
* အဲဒီနေ့က
ရယ်မောနေတဲ့ ချစ်သူစုံတွဲလေးနှစ်ဦး
အချိုဖွဲ့ကြည်နူး နေရာကနေ
ဘာတွေ ဘယ်လိုဖြစ်
ဆက် မချစ်ကြတော့ပါလားကွယ် ။ ။

**သွယ်အောင်**

မန္တလေးယဉ်ကျေးမှုဂျာနယ် အမှတ်(၃)တွင် ကျွန်တော်၏ကဗျာကို "အချစ်ကိုမေးဆေးပေးခြင်း" ကဗျာဖော်ပြပါရှိသောကြောင့် ဆရာ နတ်မောက်ထွန်းရှိန်နှင့်တွေ့ရန် ကျွန်တော်လည်း အောင်ဂျမ်းကို ခေါ်ပြီး မျက်သွယ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

မျက်သွယ်လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း အောင်ဂျမ်းနှင့်စကားကောင်းနေစဉ် ဆရာနတ်မောက်ထွန်းရှိန်မှာ လွယ်အိတ်ကလေးလွယ်ပြီး စက်ဘီးကလေးနှင့် ရောက်လာသည်။ ဆရာက ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းဝင်ထိုင်ပြီး လွယ်အိတ်ထဲမှ မန္တလေးယဉ်ကျေးမှုဂျာနယ် အမှတ်(၃)စာစောင်ကို ကျွန်တော့်အား ပေးသည်။ ဂျာနယ်အပြင် စာမူခလည်း ပေးသည်။

"သွယ်အောင်-ဒါက ကဗျာစာမူခ"

"ဟုတ် ဆရာ ကျွန်တော်လက်ဖက်ရည်ဖိုးရှင်းပါမယ်။ ဆရာဘယ်လိုသောက်မှာလဲ၊ ပေါ့ဆိမ့်လား၊ ချိုပေါ့လား၊ ပုံမှန်လား"ဟု ပြောသောအခါ ဆရာက "မလုပ်ပါနဲ့ ခင်ဗျားတို့ ကဗျာဆရာတွေ လက်ဖက်ရည်ဝိုင်း ကျွန်တော်ပဲ ရှင်းပါ့မယ်" ဟုပြောကာ လက်ဖက်ရည်တစ်ခွက်မှာ သောက်သည်။

"ဟာ… အားနာစရာကြီး ဆရာရှိန်"ဟု အောင်ဂျမ်းက ပြောသည်။ ဆရာနတ်မောက်ထွန်းရှိန်က အောင်ဂျမ်းကို ပြုံးပြီး စကားပြန်ပြောသောအခါ ကျွန်တော်တို့မှာ ပို၍အားနာရတော့သည်။

"ကျွန်တော်ထုတ်တဲ့ဂျာနယ်က မမြတ်ပါဘူး။ အရှုံးနဲ့ထုတ်နေတာပါ။ မိန်းမက ဂျာနယ်အတွက် ကုန်ကျစရိတ်စိုက်ထုတ်ပေးနေတဲ့အပြင် ဂျာနယ်မှာ ပါတဲ့ စာရေးဆရာ၊ ကဗျာဆရာအတွက်လည်း သူက စာမူခပေးဖို့ဆိုပြီး ပိုက်ဆံထပ်ပေးပါတယ်။

ဆရာရှိန်ဆီမှ အထက်ပါစကားကို ကြားရသောကြောင့် ဆရာရှိန်အား ခါတိုင်းထက်ပို၍ လေးစားချစ်ခင်ကာ ဆရာ့ဂျာနယ်အတွက် အကောင်းဆုံးကဗျာ၊ စာမူများဖြစ်အောင် ကျွန်တော်တို့ ကဗျာဆရာများက ကြိုးစားရေးဖွဲ့ပေးကြပါသည်။

အမှန်တိုင်းဆိုရလျှင် ဆရာမှာ သတင်းစာဆရာ၊ သတင်းထောက်တစ်ဦးအဖြစ် လူသိများပေမယ့်လည်း ဆရာ၏ ရင်ဖွင့်စကားအရ ကဗျာဆရာဖြစ်ချင်သူဟု သိရသည်။ ကဗျာတစ်ပုဒ် ဂျာနယ်၊ မဂ္ဂဇင်းတွင် ဖော်ပြပါရှိဖို့ အခွင့်အလမ်းနည်းသည့်အပြင် ကဗျာစာမူခမှာ အခြားစာရေးဆရာများထက်စာလျှင် အနည်းဆုံးရရှိသူများ ဖြစ်သည်။

ထို့ကြောင့် ဆရာနတ်မောက်ထွန်းရှိန်က ဂျာနယ်တွင် ကျွန်တော်တို့ကဗျာဆရာများ၏ ကဗျာများဖော်ပြပြီး ကဗျာစာမူခကို မဖြစ်ဖြစ်သည့်နည်းဖြင့် ပေးခြင်း ဖြစ်လေသည်။ ဆရာနတ်မောက်ထွန်းရှိန်မှာ စာရေးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ကဗျာဆရာ၊ စာရေးဆရာများနှင့်အတူ ဝိုင်းဖွဲ့ကာ စာအကြောင်း၊ သတင်းအကြောင်း ပြောဆိုရခြင်းတို့ကို နှစ်သက်ပျော်မွေ့သူတစ်ဦးလည်း ဖြစ်သည်။

ကင်မရာတစ်လုံး၊ စက်ဘီးတစ်စီးဖြင့် မန္တလေးမြို့အနှံ့ တစ်လမ်းဝင် တစ်လမ်းထွက် ဘုရား၊ ကျောင်းကန်၊ ဘုန်းကြီးကျောင်းများသို့သွားကာ ဓာတ်ပုံရိုက်သည်။ သမိုင်းမှတ်တမ်းအချက်အလက်တို့ရအောင် ယူသည်။ နံနက်ခင်းတစ်ခင်း ယင်းအလုပ်လုပ်ပြီးပါက မျက်သွယ်လက်ဖက်ရည်ဆိုင်သို့ နေစဉ်လာရောက်ကာ ကျွန်တော်တို့ ကဗျာဆရာများနှင့် စကားလက်ဆုံကျတော့သည်။

မျက်သွယ်လက်ဖက်ရည်ဆိုင်တွင် အထိုင်အများဆုံး ကဗျာဆရာမှာ အောင်ဘညို ဖြစ်သည်။ အောင်ဘညိုနှင့် ဆက်နွယ်ပြီး ပိုက်ကျိုးဘက်မှ ကဗျာဆရာများကို တွေ့ရသည်။ ကိုဒြပ်၊ မောင်စိမ်းသစ်၊ မာန်ဦး အစရှိသူများကိုလည်း တွေ့ရသည်။ လူငယ်ကဗျာဆရာများဖြစ်ပြီး ခေတ်ပေါ်ကဗျာ(အသစ်)ကို ရှာဖွေနေကြသူများ ဖြစ်သည်။

ထိုစဉ်က ကျွန်တော့်မှာ နေမျိုး၊ အောင်ဂျမ်း၊ အနှစ်(နဘူးအိုင်)တို့ဖြင့် မကြာခဏဆုံဖြစ်ပြီး လစဉ်ထုတ်မဂ္ဂဇင်းများသို့ ကဗျာများ အပြိုင်အဆိုင်ပို့ဖြစ်ကြသည်။

ထိုရက်ပိုင်း ဆရာမင်းသစ်နှင့်တွေ့ဆုံခဲ့ရပြီး ဆရာမင်းသစ်က ကျွန်တော်၏ "လှေကားနှစ်ဆယ့်ရှစ်ထစ်"ကဗျာကိုဖတ်ပြီး ကာရန်မပါဘဲ ကဗျာအသစ်စမ်းရေးကြည့်ဖို့ တိုက်တွန်းသည်။ ဆရာမင်းသစ်၏တိုက်တွန်းမှုကြောင့် ကာရန်မပါဘဲ နိမိတ်ပုံအားပြုသည့် ကဗျာအတော်များများ စမ်းသပ်ရေးဖွဲ့ကြည့်ဖြစ်သည်။

ယင်းကဗျာများကို မဂ္ဂဇင်းအယ်ဒီတာများက ရဲရဲဝံ့ဝံ့ စာမျက်နှာပေါ် မတင်ရဲကြပေ။ လက်တွန့်နေကြသည်။ ကျွန်တော့်ကဗျာအချို့ အပယ်ခံရသည်။ အချို့ကဗျာများကတော့ ကံကောင်းထောက်မစွာ စာမျက်နှာပေါ် တက်လာကြသည်။ ထိုကဗျာများထဲမှ ကျွန်တော်သဘောကျနှစ်သက်သော ကဗျာတစ်ပုဒ်မှာ (၁၇-၁-၁၉၉၀)ရက်က ရေးဖွဲ့ခဲ့သော "အဖြူရောင်နေ့"ကဗျာ ဖြစ်သည်။

အဖြူရောင်နေ့ကဗျာကို ရေးဖွဲ့အပြီး မည်သည့်မဂ္ဂဇင်းတိုက်သို့ ပေးပို့ရမှန်းမသိဖြစ်နေစဉ် အင်းစိန်မှ ကဗျာဆရာမောင်ခိုင်မာ တည်းဖြတ်နေသော စံပယ်ဖြူမဂ္ဂဇင်းသို့ အမှတ်မထင် ပေးပို့မိသည်။ နောက်မှ ပြန်စဉ်းစားကြည့်မိရာ ဆရာမောင်ခိုင်မာမှာ ခေတ်ပေါ်ဟန်ထက် ဂန္ထဝင်ဟန်ကို ပို၍ မြတ်နိုးသူဖြစ်သဖြင့် စံပယ်ဖြူ မဂ္ဂဇင်းသို့ "အဖြူရောင်နေ့"ကဗျာ ပေးပို့မိသည်ကို မှားများသွားပြီလားဟု ထင်မိသည်။ ကျွန်တော့်ကဗျာကို ဆရာမောင်ခိုင်မာ မကြိုက်နိုင်။

သို့သော် ဆရာမောင်ခိုင်မာမှာ ကျွန်တော်၏ "အဖြူရောင်နေ့"ကဗျာလေးကို သူ၏စံပယ်ဖြူမဂ္ဂဇင်းတွင် ပန်းချီဆရာ မုတ်သုံ၏ သရုပ်ဖော်ပန်းချီဖြင့် မဂ္ဂဇင်းအဖွင့်စာမျက်နှာတွင် ရွေးချယ်ဖော်ပြပေးခဲ့သဖြင့် အံ့သြဝမ်းသာရလေသည်။

### အဖြူရောင်နေ့

* အဖြူရောင်စားပွဲရယ်
အဖြူရောင် နွားနို့ရယ်
အဖြူရောင် ဆေးလိပ်ရယ်
ပြီးတော့…
အဖြူရောင် ကောင်မလေးနဲ့
အတူထိုင်လို့
အဖြူရောင်ပွဲတော်တစ်ခု
ကျင်းပခဲ့ဖူးတယ် ။
* အဲဒီနေ့ဟာ …
ကမ္ဘာမှာ မင်္ဂလာအရှိဆုံးနေ့တစ်နေ့
တူးဖော် တွေ့ရှိလိုက်တာပါပဲ ။
* ခင်ဗျားတို့ …
သတိမထားမိလိုက်လို့နေမှာပါ
ပြက္ခဒိန်
နာရီ
ဒိုင်ယာရီတွေက မှတ်မိနေတယ် ။
* ခဏမှ ခဏလေးပါပဲ
ဆောင်းဘောက်စ်က
ထွက်လာတဲ့သီချင်းသံ
ယင်ကောင်လေးလာမှန်လို့
သောက်လက်စ နွားနို့ခွက်ထဲ
ပတ်ခြာဝဲ ကျသွားခဲ့ကာ
ဘာများတတ်နိုင်ဦးမှာလဲကွယ် ။
* အဲဒီမှာပဲ
အဖြူရောင်ကောင်မလေး
ငါ့နားက ထွက်ပြေးသွားတော့တယ် ။ ။

**သွယ်အောင်**

(၈/၉၀-စံပယ်ဖြူမဂ္ဂဇင်း)



## ဆင်ပေါင်ဝဲမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် တောင်သူများ မိုးရာသီ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီက ရွာပုလဲကျေးရွာအုပ်စုနှင့် လယ်ကျိုးကျေးရွာအုပ်စုများရှိ တောင်သူ ၆၃ ဦးတို့၏ မိုးစပါးစိုက်ဧက ၆၇ နှင့် အခြားသီးနှံဧက ၃၂၂ အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်းနှင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ ထုတ်ပေးရာတွင် မိုးစပါး စိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းတို့ကို ယနေ့အထိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တောင်သူ ၇၀၈ ဦး၏ မိုးစပါးစိုက်ဧက ၆၁၆ ၊ အခြားသီးနှံဧက ၃၆၇၅ အတွက် ငွေကျပ် ၄၅၉၉၀၀၀၀၀ သိန်းအား ထုတ်ချေးပေးပြီးဖြစ်ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြော

**ကျိုင်းတုံ ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ကျိုင်းတုံခရိုင်ဥပဒေအရာရှိ ဦးပိုင်ငြိမ်းဝေနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်တို့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ ဥပဒေများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အသိပညာပေး ဟောပြောဆွေးနွေးရာ ကျိုင်းတုံ ပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများနှင့် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**အသက်သည်သွေး သွေးသည် အသက်**

# ရုပ်ရှင်ကဏ္ဍ ရွှေနဒီ

## ရွှေကြည်ငွေကြည်

ရုပ်ရှင်ချစ် ပရိသတ်တွေ အတွက် ဒီတစ်ပတ်မှာတော့ အချစ်ဟာသဇာတ်လမ်းတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် 'ရွှေကြည်ငွေကြည်' ရုပ်ရှင်ဇာတ်ကားကြီးကို ပြသနေပါပြီ။




ဇာတ်ကားထဲမှာ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခင်ဝင့်ဝါ၊ အကယ်ဒမီရွှေထူး၊ အကယ်ဒမီ ခင်လှိုင်၊ အကယ်ဒမီ မေသန္တာဦး၊ ဆင်မ၊ ကေညီ၊ သွက်လက်နဲ့ အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားပါတယ်။

'ရွှေကြည်ငွေကြည်' အချစ်ဟာသရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ-ကိုဇော်(အရာဇာဦး)၊ တွဲဖက်ဒါရိုက်တာ-အိ(အရာဇာဦး)၊ ဇာတ်လမ်း ကြယ်စင်မင်း၊ ဇာတ်ညွှန်း-မင်းကိုစိုး(နတ်သံကွင်း)၊ ခေတ်သစ်အရာဇာဦး ရုပ်ရှင်ထုတ်လုပ်ရေး၊ မျိုးကျော်ဦး စီစဉ်သည်တို့က အချစ်ဟာသဇာတ်ကားကြီးကို ဟာသ၊ ရသမြောက်စွာ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များနဲ့အတူ ရိုက်ကူးပုံဖော်ထားပါတယ်။

အမြဲတမ်း ရန်လိုတတ်တဲ့ ယောက္ခမကြီးနဲ့ နည်းနည်းလေးမှကို အတင်စီးမခံတတ်တဲ့ သမက်တို့ရဲ့ (၅၂၈)နဲ့ (၁၅၀၀) ဘယ်ဟာပိုသာလည်းဆိုတာကို 'ရွှေကြည်ငွေကြည်' အချစ်ဟာသဇာတ်လမ်းမှာ နာမည်ကြီးရုပ်ရှင်မင်းသား၊ မင်းသမီးတွေရဲ့ အပြိုင်သရုပ်ဆောင်ချက်တွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ဟာသဇာတ်လမ်းကောင်းတွေကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက်တော့ တကယ်ကို ကြည့်ရှုဖို့ကောင်းတဲ့ အချစ်ဟာသဇာတ်ကားကောင်း တစ်ကားဖြစ်ပါတယ်။ 'ရွှေကြည်ငွေကြည်' ဇာတ်ကားကိုတော့ မန္တလေးမြို့မှာဆိုရင်တော့ ဝင်းလိုက်၊ Mingalar Cinema Central Point , Mingalar Masoeyein Complex , Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## ဆယ့်ကိုးဇူလိုင်

* မိုး
ရှစ်ခွင်တိုင်း
မှိုင်းအုံ့လို့ညို့ ဘာလိုမကျ
ငိုချမဲ့ပုံ ကြုံခဲ့ကာလ
အနိဋ္ဌာရုံ ဆွေးရာထင်ရဲ့
ယခင်ယခု သူ့အပြုမူ
တူရာပေကွဲ့ ဆယ့်ကိုးဇူလိုင် ။

* ကျွန်သဘောက်ဉာဏ်
ခလောက်ဆန်ကြဲ ဖောက်ပြန်သွေးခွဲ
သင်းကွဲဂဠုန် ဂုဏ်ရှိန်ပါဝါ
အာဏာငမ်းဖမ်း ပြန်မုန်းလိုချင်
ငြိငြင်လူမိုက် သူ့မှုစရိုက်
မိုက်မဲကျေးကျွန် ညွှန်ပြခိုင်းစေ
စွေသောမိုးငို ပြိုလဲရာတဲ့
အာဇာနည်တွေ တွက်ရေကိုးဦး
သွေးလူးသက်ကြွေ လေ လော်တက်ချိုး
ဖျက်ပိုးဝင်တဲ့ ဆယ့်ကိုးဇူလိုင် ။

* ယနေ့ဇူလိုင်
ပန်းခွေကိုင်လို့ ဖြိုင်ဖြိုင်မျက်ရည်
ငေးမှိုင်တွေကျ ဖြေ မဖြေနိုင်
"ခွန်ခြောက်"တိုင်ပေါ့ ခိုင်မာဆန္ဒ
မဖောက်မပြန် နောက်ကျမကျန်
ချိန်ခါတန်တော့ ဗိမာန်ဆီလှမ်း
လွမ်းသူ့ပန်းခွေ ပန်းတွေကဝေ
မိုးကစွေစွေ "ဆန်း"ကြွေးမြေခ၊
ဇူလိုင်လ ဆယ့်ကိုး··· ။ ။

ဝင်းမောင်(မန်း)






## နည်းပြ အင်ဇာဂီ အင်တာမီလန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မီလန် ဇူလိုင် ၁၃**

အင်တာမီလန်အသင်းသည် အသင်းနည်းပြ အင်ဇာဂီအား ၂၀၂၆ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် အင်တာမီလန်အသင်းအား ၂၀၂၁ခုနှစ် ဇူလိုင်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၅၈ပွဲတွင် ၁၀၄ပွဲ နိုင်၊ ၂၈ပွဲ သရေ၊ ၂၆ပွဲ ရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သလို၊ အသင်းအား စီးရီးအေချန်ပီယံဆု၊ ကိုပါအီတာလီယာဖလားချန်ပီယံဆု၊ အီတာလီ စူပါဖလားချန်ပီယံဆု စသည်တို့ကို ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၄၈)နှစ်အရွယ်ရှိ အင်ဇာဂီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားချင်ပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ ဆက်လက်တာဝန်ပေးတဲ့ အသင်းနည်းပြအဖွဲ့ဝင်အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**



## ဆာဂျီယိုဂိုးမက်ဇ်အား ဆိုစီဒက်အသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၃**

ဆိုစီဒက်အသင်းသည် မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ဆာဂျီယိုဂိုးမက်ဇ်အား ယူဆာဂျီယိုဂိုးမက်ဇ်အား ယူရို ၁၀ သန်းဖြင့် ၂၀၃၀ ထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆိုစီဒက် အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆာဂျီယိုဂိုးမက်ဇ်က "ကျွန်တော် ဆိုစီဒက်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့် ရရှိအောင်လည်း ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုပေးတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**





## ဂျွန်နီအီဗန်စ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဇူလိုင် ၁၃**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်း၏ဝါရင့် နောက်ခံကစားသမား ဂျွန်နီအီဗန်စ်အား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဝါရင့်နောက်ခံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် တိုးမြှင့်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

အသက်(၃၆)နှစ်အရွယ်ရှိ ဂျွန်နီအီဗန်စ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမည့်ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(NGB)**

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဇူလိုင် ၁၃**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါစပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev အား ၆-၇၊ ၆-၃၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(အောက်ပုံ)**

**(NGB)**



### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) ဇယား 	နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် – ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၇-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၃း၃၀ နာရီ (ပုသိမ်ကွင်း) | (၆)ရောဝတီ – ဒဂုံဆိပ်ကမ်း(၈) (D) – (L) | - |
| ။ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၃)ဟံသာဝတီ – သစ္စာအားမန်(၁၁) (W) – (L) | - |

### ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) 	နိုင်ကမ္ဘာ

**စပိန် - အင်္ဂလန်**

ဇူလိုင် ၁၅ ရက်(တနင်္လာနေ့) နံနက် ၀၁း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂-၇-၁၉၅၀ | စပိန် | ၁-၀ | အင်္ဂလန် | | | (ကမ္ဘာ့ဖလား ၅၀ အုပ်စု) |
| ၁၉၈၆ | စပိန် | ၁-၂ | အင်္ဂလန် | ၁-၀ | စပိန် | (ယူရို ၆၈ ခြေစစ်ပွဲ) |
| ၁၈-၆-၁၉၈၀ | စပိန် | ၁-၂ | အင်္ဂလန် | | | (ယူရို ၈၀ အုပ်စု) |
| ၆-၇-၁၉၈၂ | စပိန် | ၀-၀ | အင်္ဂလန် | | | (ကမ္ဘာ့ဖလား ၈၂ အုပ်စု) |
| ၂၂-၆-၁၉၉၆ | စပိန် | ၀-၀ | အင်္ဂလန် | | | (ယူရို ၉၆ ကွာတား) |
| | (ပင်နယ်တီ | ၂-၄ | ဖြင့် အင်္ဂလန် နိုင်) | | | |
| ၂၀၁၈ | စပိန် | ၂-၃ | အင်္ဂလန် | ၁-၂ | စပိန် | (UEFA နေရှင်းလိဂ် အုပ်စု) |

**နှစ်သင်း၏ ဗိုလ်လုပွဲအထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| စပိန် | ၃-၀ | ခရိုအေးရှား | (အုပ်စုအဆင့်) | ဆားဘီးယား | ၀-၁ | အင်္ဂလန် |
| စပိန် | ၁-၀ | အီတလီ | (အုပ်စုအဆင့်) | ဒိန်းမတ် | ၁-၁ | အင်္ဂလန် |
| အယ်လ်ဘေးနီးယား | ၀-၁ | စပိန် | (အုပ်စုအဆင့်) | အင်္ဂလန် | ၀-၀ | ဆလိုဗေးနီးယား |
| စပိန် | ၄-၁ | ဂျော်ဂျီယာ | (၁၆-အသင်းအဆင့်) | အင်္ဂလန် | ၁-၁ | ဆလိုဗက်ကီးယား |
| | | | | (အချိန်ပိုတွင် | ၁-၀ဖြင့် | အင်္ဂလန်နိုင်) |
| စပိန် | ၁-၁ | ဂျာမနီ | (ကွာတား) | အင်္ဂလန် | ၁-၁ | ဆွစ်ဇာလန် |
| (အချိန်ပိုတွင် | ၁-၀ဖြင့် | စပိန်နိုင်) | | (ပင်နယ်တီ | ၅-၃ဖြင့် | အင်္ဂလန်နိုင်) |
| စပိန် | ၂-၁ | ပြင်သစ် | (ဆီမီး) | နယ်သာလန် | ၁-၂ | အင်္ဂလန် |

စပိန်နှင့် အင်္ဂလန်တို့ ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ ၂၇ကြိမ် ဆုံတွေ့ခဲ့ရာ စပိန်က ၁၀ကြိမ် အနိုင်ရပြီး ၃ ကြိမ် သရေကျကာ ၁၄ကြိမ်ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ အင်္ဂလန်က အသာရနေသော်လည်း ဗိုလ်လုပွဲသို့ ထိုက်တန်သော ခြေစွမ်းများကြောင့် ရောက်လာသောအသင်းများဖြစ်နေ၍ ပွဲချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက ဗိုလ်စွဲမည်ဟု နာမည်ကြီးနေသော အင်္ဂလန်တို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲ ရလဒ်**

စပိန်–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင် 	အင်္ဂလန်–သရေ၊သရေ၊နိုင်၊နိုင်၊နိုင်

### ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) 	နိုင်ကမ္ဘာ

**အာဂျင်တီးနား - ကိုလံဘီယာ**

ဇူလိုင် ၁၅ ရက်(တနင်္လာနေ့) နံနက် ၆း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၄-၇-၁၉၉၉ | အာဂျင်တီးနား | ၀-၃ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂၁-၇-၂၀၀၄ | အာဂျင်တီးနား | ၃-၀ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား ဆီမီး) |
| ၃-၇-၂၀၀၇ | အာဂျင်တီးနား | ၄-၂ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၇-၇-၂၀၁၁ | အာဂျင်တီးနား | ၀-၀ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂၇-၆-၂၀၁၅ | အာဂျင်တီးနား | ၀-၀ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား ကွာတား) |
| | (ပင်နယ်တီ | ၅-၄ | ဖြင့် အာဂျင်တီးနား နိုင်) | | | |
| ၁၆-၆-၂၀၁၉ | အာရဂျင်တီးနား | ၀-၂ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၇-၇-၂၀၂၁ | အာဂျင်တီးနား | ၀-၀ | ကိုလံဘီယာ | | | (ကိုပါ အမေရိကဖလား ဆီမီး) |
| | (ပင်နယ်တီ | ၃-၂ | ဖြင့် အာဂျင်တီးနား နိုင်) | | | |
| ၂၀၂၁-၂၂ | အာဂျင်တီးနား | ၁-၀ | ကိုလံဘီယာ | ၂-၂ | အာဂျင်တီးနား | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |

**နှစ်သင်း၏ တတိယနေရာလုပွဲအထိ ကျော်ဖြတ်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| အာဂျင်တီးနား | ၂-၀ | ကနေဒါ | (အုပ်စုအဆင့်) | ကိုလံဘီယာ | ၂-၁ | ပါရာဂွေး |
| ချီလီ | ၀-၁ | အာဂျင်တီးနား | (အုပ်စုအဆင့်) | ကိုလံဘီယာ | ၃-၀ | ကော့စတာရီကာ |
| အာဂျင်တီးနား | ၂-၀ | ပီရူး | (အုပ်စုအဆင့်) | ဘရာဇီး | ၁-၁ | ကိုလံဘီယာ |
| အာဂျင်တီးနား | ၁-၁ | အီကွေဒါ | (ကွာတား) | ကိုလံဘီယာ | ၅-၀ | ပနားမား |
| (ပင်နယ်တီ | ၄-၂ဖြင့် | အာဂျင်တီးနားနိုင်) | | (ပင်နယ်တီ | ၄-၂ဖြင့် | ဥရုဂွေးနိုင်) |
| အာဂျင်တီးနား | ၂-၀ | ကနေဒါ | (ဆီမီး) | ဥရုဂွေး | ၀-၁ | ကိုလံဘီယာ |

အာဂျင်တီးနားနှင့် ကိုလံဘီယာတို့ ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ ၂၂ကြိမ် ဆုံတွေ့ခဲ့ရာ အာဂျင်တီးနားက ၁၃ကြိမ် အနိုင်ရပြီး ၆ ကြိမ် သရေကျကာ ၃ ကြိမ်သာ ရှုံးနိမ့်ထားသဖြင့် အစဉ်အလာရ အာဂျင်တီးနားက အပြတ်အသာရနေသော်လည်း ဗိုလ်လုပွဲသို့ ထိုက်တန်သော ခြေစွမ်းများကြောင့် ရောက်ရှိလာသော အသင်းများဖြစ်နေ၍ ပွဲချိန်အတွင်း သရေကျကာ ပင်နယ်တီအထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက ဗိုလ်စွဲမည်ဟု နာမည်ကြီးနေသော အာဂျင်တီးနားတို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲ ရလဒ်**

အာဂျင်တီးနား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင် 	ကိုလံဘီယာ–နိုင်၊နိုင်၊သရေ၊နိုင်၊နိုင်

# စိတ်အကြံဖြင့် ကုသိုလ် ယူနိုင်ကြပါစေ

**'စိတ္တုပ္ပါဒ မတ္တမ္ပိ၊ ကုသလေသုဓမ္မေသု၊ ဗဟူပကာရံ ဝဒါမိ'**

ကုသလေသုဓမ္မေသု- ကုသိုလ်တရားတို့၌၊ စိတ္တုပ္ပါဒမတ္တမ္ပိ- စိတ်အကြံရှိကာမျှနှင့်လည်းပဲ၊ ဗဟူပကာရံ - အထူးထူးအပြားပြားများစွာ အကျိုးရှိတယ် (အကျိုးများတယ်)ဟု ဝဒါမိ…မြတ်စွာဗုဒ္ဓက ဆိုမိန့်တော်မူပါတယ်။

ကုသိုလ်ယူချင်တယ်။ ငွေကြေးကမရှိ၊ အခွင့်အရေး၊ အချိန်အခါက မပေးဟု ဆင်ခြေပေးလေ့ရှိပါသည်။ အဲဒီဆင်ခြင်ကို ဘုရားမြတ်စွာ၏ ဆိုဆုံးမမှုဖြင့် ပယ်ဖျက်ကြရအောင်…။

လူတိုင်းတွင် စိတ်ဆိုတာရှိစမြဲ၊ အချိန်အခါကလည်း နေ့စဉ်ကြုံလာရစမြဲပါ။ စိတ်ကို သတိဖြင့် ရေလာမြောင်းပေး ထိန်းကျောင်းလျှင် လိုရာကို ရနိုင်သည်သာ။ အရေးကြီးသည်မှာ မိမိ၏စိတ်သည် ကုသိုလ်ကောင်းမှုများဖြင့် ပြည့်လျှမ်းနေစေဖို့ပင်ဖြစ်သည်။ ကြံစည်မှု၊ တွေးတောမှုတို့သည် အစဉ်သဖြင့် မြတ်စွာဘုရား၏ အလိုတော်နှင့် ကိုက်ညီဖို့ပင် ဖြစ်သည်။

ကံ…ကံ၏ အကျိုးသည် တကယ်လုပ်လျှင် တကယ်ရပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ … ကံသုံးပါးတွင် မနောကံသည် အပြစ်အကြီးဆုံးဖြစ်သည်ဟု ဆိုပါသည်။ အကြောင်းမူ မနောကံ ကျူးလွန်သည်နှင့် မိစ္ဆာဒိဋ္ဌိ(ခေါ်)မှားသောအယူကို ယူလွဲနေခြင်းကြောင့် ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ကင်းစင်ပြီး သမ္မာဒိဋ္ဌိဖြစ်မှ အပါယ်ဘေးက လွတ်ပါသည်။

မိမိကိုယ်ကို တကယ်ချစ်လျှင် စိတ်ကို သန့်ရှင်းစွာထား၊ ကုသိုလ်ကောင်းမှုကိုတွေး၊ ညစ်ညမ်းသောစိတ်အကြံများ ဝင်လာပါက ဖယ်ရှားကာကွယ်ပေးဖို့ပင် ဖြစ်သည်။ ဆရာကြီး ဦးဂိုအင်ကာက 'ဒိဟာ ဓမ္မကဗျာ'တွင် ဝစီကို ထိန်းချုပ်ခြင်းသည် ကောင်းမြတ်၏။ ကာယကို ထိန်းချုပ်ခြင်းသည် ကောင်းမြတ်ပါ၏။ သို့သော် မနောကို ထိန်းချုပ်နိုင်သူသာလျှင် စွမ်းရည်သတ္တိ တကယ်ရှိသူ သူရဲကောင်းဖြစ်၏ဟု ပြဆိုထားခဲ့သည်။

**မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာတွင်**

**အကုသလ၊ ကုသလ၏၊ ကမ္မသကာ လက္ခဏာကို၊**

**မြဲစွဲဝမ်းတွင်း နှလုံးသွင်းလော့၊ မပျင်းကုသိုလ် ထိုပုဂ္ဂိုလ်ကား**

**ကိုယ့်ကိုချစ်သူ မည်သောဟူ၏…ဟု ဖော်ညွှန်းထားပြန်ပါသည်။**

**ဓမ္မပဒတွင်**

**'သဗ္ဗေပိ၊ ကုသလာဓမ္မာ၊ ခန္တီပဓာန ကာရဏာ'**

အလုံးစုံသော ကုသိုလ်တရားများသည် သည်းခံခြင်းသာ အရင်းမူလဖြစ်သည်ဟု ဆိုထားပါသည်။ လူရယ်လို့ဖြစ်လာလျှင် အဓိကတာဝန်မှာ ကုသိုလ်ယူရတတ်ဖို့ပင် ဖြစ်ပါသည်။ ကုသိုလ်တရား ရရှိရန် သည်းခံခြင်းတရားကို အရင်းပြုရမည် ဖြစ်ပါသည်။

ဆိုပါဦးအံ့ …

ခရီးသွားသည်ဆိုပါစို့ မိမိသည် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်ကို စီးသွားသည်ဆိုပါက စိတ်အကြံထဲတွင် ငါသည် ဘေးခရီးသွားသူများကို အနှောင့်အယှက် ဖြစ်နေသလား။ ဥပမာ …ရှေ့က ပိတ်ဆို့နေလား၊ လမ်းစည်းကမ်းကို ဖောက်ဖျက်၍ သွားသလား၊ တစ်ဖက်မှလာသောယာဉ်ကို မလွတ်လပ်စေဖူးလား စသည်ဖြင့် တွေးတောကြံဆ၍ တစ်ဖက်လူ စိတ်ချမ်းသာအောင် ပြုပြင်ပြောင်းလဲတတ်စေရပါမည်။ ဤသည်ကား ကုသိုလ်ယူနည်း တစ်မျိုးပေတည်း။

ယာဉ်ဖြင့် ခရီးသွားနေစဉ် ဘေးလူများကို စိတ်အနှောင့်အယှက်ဖြစ်စေသော တံတွေးထွေးခြင်း၊ ကွမ်းသွေးထွေးခြင်း၊ အမှိုက်နှင့် အစားအသောက်လက်ကျန်များကို ပစ်ချခြင်းတို့ကိုလည်း ရှောင်ကြဉ်မည်ဆိုကာ စိတ်အကြံဖြင့် ကုသိုလ်ယူတတ်ရပါမည်။

ကုသိုလ်ယူတတ်အောင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကိုသိအောင် လေ့လာထားရပါမည်။ ဥပမာ…ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရမည်။ ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး တပ်ရမည်။ မေးသိုင်းကြိုးမတပ်ဘဲ စီးသွားလျှင် လေဟပ်မှုကြောင့် ဦးထုပ်ပြုတ်ကျ နောက်ကလာသောယာဉ်က ဦးထုပ်ကို နင်းမိမှာစိုး၍ ရှောင် … တစ်ဖက်ယာဉ်ကြောမှ ယာဉ်ကိုတိုက်မိ … စသည်ဖြင့် ဦးထုပ်မေးသိုင်းကြိုး မတပ်မိ၍ ပြဿနာတစ်ဆင့်ပြီးတစ်ဆင့် တက်ပုံကို ဥပမာပြခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ပြဿနာမဖြစ်အောင် ကြိုတင်၍ စည်းကမ်းလိုက်နာခြင်းသည် ကုသိုလ်ယူခြင်းပင် ဖြစ်ပါတော့သည်။

ယာဉ်မရပ်နားသင့်သောနေရာ မရပ်ရဟု တားမြစ်သောနေရာတို့တွင် ရပ်ခြင်း၊ ဈေးဝယ်လျှင် ဈေးဆိုင်ရှေ့ လမ်းသွားလမ်းလာများနှင့် မလွတ်သောနေရာတွင် ရပ်ခြင်းကြောင့် ခရီးသွားသူတို့သည် သည်းညည်းခံကာ ရှောင်ကွင်းသွားကြရသည်။ အရှိန်မထိန်းနိုင်ပါက ယာဉ်တိုက်မှု ဖြစ်ကြရသည်။ တိုက်သူ၊ အတိုက်ခံရသူနှစ်ဦးနှစ်ဖက် ဒုက္ခဖြစ်ကြရတော့သည်။ ဤသည်ကို သတိမူ၍ ကုသိုလ်ယူတတ်ရပါမည်။

မျဉ်းဖြူတားထားသည့် လမ်းကြောအတိုင်း မောင်းနှင်မှုမရှိခြင်း၊ လမ်းကြောင်းပြောင်းပြန် မောင်းနှင်ခြင်း၊ ပြောင်းပြန်ရပ်နားထားခြင်း၊ ရှေ့နောက်မကြည့် ကျော်တက်ခြင်း စသည်တို့သည် သည်းခံစိတ်နည်း၍ မိမိ၏အတ္တကို ရှေ့တန်းတင် လုပ်ဆောင်ခြင်းကြောင့် တစ်နေ့တွင် ဒုက္ခတွေ့ရမည် ဧကန်ဖြစ်ပေတော့သည်။ အထက်ပါ မလုပ်ဆောင်သင့်သည်ကို ရှောင်ကြဉ်လိုကြောင်း စိတ်အကြံရှိသည်ဖြစ်၍ ကုသိုလ်ယူနိုင်ခြင်းသည် ကောင်းမြတ်သောလက္ခဏာ ဖြစ်ပါတော့သည်။

လူမှုဒုက္ခငြိမ်း၍ ကုသိုလ်အမြဲရစေရန် ပြဋ္ဌာန်းထားသော ဥပဒေများကို ဆန့်ကျင်စိတ်များ၊ မကောင်းသောစိတ်များကို ဖယ်ရှား၍ ကောင်းသောစိတ်၊ ဆိုဆုံးမလွယ်သောစိတ်၊ အများအကျိုးပွားစေသော စိတ်၊ အများပြည်သူစိတ်ချမ်းသာစေသောစိတ်၊ အကြံများကို ကြိုတင်တွေးကြံရုံမျှဖြင့် ကုသိုလ်စိတ်များ ပွားများစေနိုင်ပါသည်။ လူမှုဒုက္ခများမှလည်း အမြဲအစဉ် ကင်းလွတ်ရပါတော့သည်။

ထို့ကြောင့် ကောင်းမှုကောင်းရာများကို မိမိစိတ်အကြံထဲတွင် ရှိနေကာမျှဖြင့် အကျိုးများစေပါသည်။ စိတ်အကြံအတိုင်း အကောင်အထည်ဖော်ပါက ဆတက်ထမ်းပိုး တစ်ဆင့်ပြီးတစ်ဆင့် အကျိုးများစေပါသည်။ လောကီကောင်းကျိုးမှသည် လောကုတ္တရာ ကောင်းကျိုးအထိ တက်လှမ်းနိုင်ပါသည်။ မေးခွန်းလေးတစ်ခု ရှိနေပါသည်။

မိမိကိုယ်ကို - တကယ်ချစ်ရဲ့လား …။

အမြဲတန်းမေးသင့်သော မေးခွန်းပင်ဖြစ်ပါသည်။ လူဖြစ်လာလျှင် လူ့ဘဝမှ နိမ့်လျော့သော ဘဝမဖြစ်အောင် မိမိကိုယ်ကို ချစ်ရပါမည်။ အကယ်တန်တိ…မိမိကိုယ်ကို ချစ်ပါက…တန်ဖိုးရှိ ဘုရားအကြိုက်၊ ကောင်းသောအတွေ့အကြုံတို့ကိုပဲ တွေးဆနေရပါမည်။ တစ်ပါးသူ၏ ကောင်းမှုလုပ်တာကို ဝမ်းသာ။ အလှူအတန်းပြုနေခြင်းကို ဝမ်းမြောက်ခြင်းသည် ပိုက်ဆံမကုန်သော ကုသိုလ်ရနည်း တစ်မျိုးပင် ဖြစ်ပါတော့သည်။

ထို့အတူ မကောင်းမှုပြုနေသူကို တွေ့ပါက ကောင်းသောလမ်းသို့ ညွှန်ပြခြင်း၊ ကောင်းမှုလုပ်လာအောင် ဆွဲဆောင်ခြင်း၊ စည်းရုံးခြင်း၊ ပညာပေးခြင်းတို့သည်လည်း ကုသိုလ်ယူခြင်းတစ်မျိုးပင် ဖြစ်ပါသည်။ ထိုသူတို့အပေါ်၌လည်း ကောင်းစေလိုသော စိတ်အကြံရှိနေလျှင်လည်း ကုသိုလ်ဖြစ်နေပါတော့သည်။

မကောင်းမှုကို မကြိုက်ခြင်း၊ ဝမ်းမြောက်မှုမရှိခြင်းတို့သည် မိမိ၏စိတ် စင်ကြယ်မှုကို မည်သည့်အဆင့်ရောက်နေပြီဆိုသည်ကို ခန့်မှန်းသတိပြုလာသည်။ စိတ်ကြည်လင်သန့်စင်အောင် ကြိုးစားလာရသည်။ စိတ်စင်ကြယ်မှုရှိတော့ စိတ်၏ပေါ့ပါးလွတ်လပ်ခြင်း၊ ကိုယ်၏ နူးညံ့ပေါ့ပါးခြင်းတို့ ခံစားရပါတော့သည်။ ကုသိုလ်တရားတို့ဖြင့်လည်း ကိန်းအောင်းနေပါတော့သည်။ လူ့ဘဝ ရလာတာ ငွေမချမ်းသာတိုင်း ကံမကောင်းဘူး မထင်ပါနှင့်။ ကုသိုလ်တွေ လုပ်ခွင့်ရနေသူမှန်သမျှ ကံကောင်းသူချည်းပဲဟု မှတ်ယူကာ ကုသိုလ်ကောင်းမှုကို ကြိုးစားလုပ်ကိုင်သင့်လှသည်။

လူဖြစ်လာသည်နှင့် မိုးပျံအောင် တတ်နေပါစေ သူ့မှာ တာဝန်ယူလိုစိတ် တစ်ပြားသားမှမရှိလျှင် ဘယ်နေရာမှ အသုံးမဝင်ပါဘူး။ တာဝန်သိတတ်မှသာ လူဖြစ်ကျိုးနပ်တာပါဟု ဆရာဦးပညာ၏ မိန့်မှာချက်ကို မှတ်သားရပါသည်။

ကိုယ်စီကိုယ်စီ တာဝန်သိတတ်မယ်၊ စိတ်အကြံကလည်း ဖြူစင်သန့်ရှင်းပြီး ကုသိုလ်ကောင်းမှုတွေနဲ့ ပြည့်နေမယ်၊ စိတ်အကြံအတိုင်း လူ့ဘဝကို ကောင်းကျိုးဆောင်မယ်ဆိုလျှင် လူ့လောကသည် အစဉ်အမြဲ တိုးတက်ဖွံ့ဖြိုး၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အသက်ရှင်ရပ်တည်နေမည်ဖြစ်ပါကြောင်း သစ္စာထား ဆန္ဒပြုရင်း ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။ အနည်းငယ်သော အတွေးအခေါ်၊ စိုးစဉ်းမျှလောက်သော ကုသိုလ်စိတ်အကြံတို့သည် ဤဆောင်းပါးဖတ်ပြီးနောက် ပေါက်ဖွားလာသည်ရှိသော် ထုတ်နုတ်ဖော်ပြရေးသားရကျိုးနပ်ပါပြီဟူ၍သာ။

**သောင်းမြင့်ဇော်**
**(သုံးဆယ်မြေ)**

## ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲစိုက် ဧက ၁၈၈၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲစိုက်ဧက ၁၈၈၀၀ ကျော်ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၁၇၅၀၀ ဧကကို လျာထားပြီး၊ ပြီးခဲ့သည့် မေလနောက်ဆုံးပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် မိုးမြေပဲစိုက်ဧက ၁၈၈၀၀ ကျော်ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ သီးနှံများစိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေး အတွက် စိုက်ပျိုးခြင်းဖြစ်သည်။

'ဒီနှစ်မှာ မိုးသီးနှံစိုက်ပျိုးရာသီတွက် ရမည်းသင်းမြို့နယ်မှာ မြေပဲဧက ၁၇၅၀၀ လျာထားပြီး စိုက်ပျိုးပါတယ်။ လက်ရှိမှာတော့ စိုက်ဧက ၁၈၈၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ လျာထားချက်ထက်ပိုပြီး စိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နေပြီးတော့ ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးပြီး ဆောင်ရွက်ပေးနေပါတယ်'ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးမြေပဲစိုက်တောင်သူများ၏ စိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရန်နှင့် ပေါင်းမြက်များကင်းရှင်းစေရန်တို့အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများစိုက်ပျိုးထားရှိသည့် စိုက်ခင်းများအထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှနေပြီး ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံ အမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(၀၃၄)



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ်အား စုပေါင်းတွေ့ဆုံပြီး ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား အခြားသော ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ် အိမ်တော်၌ စုပေါင်းတွေ့ဆုံသည်။

**သီးခြားစီတွေ့ဆုံ**

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ် ဆတ်ငီယမ်ဖုန်နှင့် လည်းကောင်း၊ ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာဆန်မာမွတ်နှင့် လည်းကောင်း နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမူဘောင်များအောက်တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ကျေးဇူးတင် အသိအမှတ်ပြုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားပြီး ပေါင်းစည်းဆက်နွယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

**ဘင်္ဂလားဒေ့ရှ်**
**နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ**

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေး အပါအဝင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သည်ကြီးများ အသင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးနှစ်ဦးသည် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွန့်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ရင်းရင်းနှီးနှီး**
**တွေ့ဆုံနှုတ်ဆက်**

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ် အိမ်တော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာဆန်မာမွတ်တို့ နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## မြန်မာ့လက်ရွေးစင် ယူ-၁၂ ကစားသမားရွေးချယ်

**မန္တလေး ဇူလိုင် ၁၃**

နိုင်ငံတကာလူငယ် ဖိတ်ခေါ်ပြိုင်ပွဲများ၊ လူငယ်ဘောလုံးပွဲတော်များသို့ စေလွှတ်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ယူ-၁၂ ကစားသမားရွေးချယ်ပွဲ (မန္တလေး)အား ဇူလိုင် ၁၂ နှင့် ၁၃ ရက်နေ့များတွင် မြန်မာဘောလုံးအကယ်ဒမီလေ့ကျင့်ကွင်း၌ ပြုလုပ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးနေရာဒေသအသီးသီးမှ လူငယ်ကစားသမား ၁၀၆ ဦး လာရောက်ရွေးချယ်ခံခဲ့ကြရာ ရန်ကုန်ဇုန်ရွေးချယ်ခံဦးရေ အပါအဝင် စုစုပေါင်း ယူ-၁၂ ကစားသမား နှစ်ရာကျော်အထိ ယခုနှစ် U12 Scouting Tour 2024 တွင် လာရောက်ရွေးချယ်ခံခဲ့ကြသည်။




အဆိုပါ ကစားသမားများတွင် အကယ်ဒမီကျောင်းများ၊ ပြင်ပဘောလုံးသင်တန်းများ အစရှိသည့် နေရာဒေသအသီးသီးမှ ယူ-၁၂ လူငယ်များပါဝင်ပြီး အပြီးသတ်ရွေးချယ်မှုများ ဆက်လက်ပြုလုပ်၍ မြန်မာ ယူ-၁၂ အသင်းဖွဲ့စည်းသွားမည်ဖြစ်သည်။ ယင်းနောက် စုစည်းလေ့ကျင့်မှုများ ပြုလုပ်ကာ နိုင်ငံတကာ ဖိတ်ခေါ်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နှစ်ကလည်း ယူ-၁၂ ရွေးချယ်ပွဲများပြုလုပ်၍ အသင်းဖွဲ့စည်းကာ ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် နိုင်ငံတကာ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ယူ-၁၂ ကလေးငယ်များအနေဖြင့် ပြိုင်ပွဲပြီးဆုံးသည့်အခါ ဂျပန်နိုင်ငံ အထင်ကရနေရာများ လည်ပတ်ခြင်း၊ ဂျေလိဂ်ပြိုင်ပွဲ ကြည့်ရှုခြင်းနှင့်လေ့လာခြင်းစသည့် အစီအစဉ်များ ပြုလုပ်ခဲ့ကြသည်။ **(NGB)**

## ဝါးခမောက်အလှဆင် လုပ်ငန်းအဆင်ပြေ

**ကသာ ဇူလိုင် ၁၃**

ကသာမြို့နယ်တွင် သဘာဝသစ်တောများရှိ ဝါးများကို ခုတ်ယူ၍ နီးရက်ခြင်း၊ တောင်းရက်ခြင်း၊ ထရံရက်ခြင်း၊ ဝါးခမောက်အလှဆင်ရက်လုပ် ရောင်းချလျက် မိသားစု မီးဖိုချောင်လိုအပ်ပစ္စည်းများ ဖြည့်ဆည်းရ၍ အဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့နေတဲ့ရွာနဲ့ နည်းနည်းတော့ လှမ်းတယ်၊ သဘာဝသစ်တောများတွင် ဒေသအခေါ်တင်းဝါး၊ ဝါးဘိုးဝါး၊ ဝါးနက်ဝါး၊ ကြသောင်းဝါး၊ ဝါးဖြူဝါး၊ တိုက်ဝါး၊ ထီးရိုးဝါးများ ပေါက်ရောက်လျက်ရှိကြတယ်၊ နေအိမ်တိုင်ဝါးကို အမျိုးမျိုးသုံးစွဲကြသလို တောင်းရက်၊ နီးဖျာလုပ်ငန်း လုပ်ကြတယ်၊ တင်းဝါးနှင့် တိုက်ဝါးဆိုလျှင် ယခုလိုမိုးရာသီမှာ ဝါးမျှစ်ရှာဖွေတူးယူကြပြီး မျှစ်စိမ်း၊ မျှစ်ချဉ်၊ မျှစ်ပြုတ်လုပ်ရောင်းကာ ဝမ်းစာရေး အထောက်အကူပြု အသက်မွေးဝမ်းကျောင်းလုပ်ကိုင် စားသောက်ကြလျက်ရှိပါတယ်၊ ယခုမိုးရာသီရောက်တော့ ဝါးများကို ခုတ်ယူ၍ တစ်ရက်ရေစိမ်ထားပြီး ဖျာရက်၊ တောင်းရက်နှင့် ဝါးခမောက်ရက်ကြတယ်၊ အလှဆင် ပန်းချီဆွဲတတ်သူများကတော့ အလှပုံပန်းချီဆွဲဆေးခြယ်နေလှန်းပြီး အရောင်းဆိုင်သွင်းရောင်းတာ စျေးလဲပိုတယ်၊ ရောင်းသူ ဝယ်ယူနှစ်သက်ကြလို့ နည်းနည်းအဆင်ပြေတယ်"ဟု ဝါးခမောက်ရက်လုပ်ရောင်းသူတစ်ဦးက ပြောသည်။

(၄၅၇)